မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နယ်စပ်ဒေသ၏ ပညာရေးအခြေခံများ တိုးတက်ကောင်းမွန်ရေး အလေးထားဆောင်ရွက်စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေး ပြုစုပျိုးထောင်မျိုးဆက်သစ်လူငယ်များ ခေတ်မီနည်းပညာများ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရေး အလွန်အရေးပါ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီတိုးတက်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်း

ရန်ကုန် ဇွန် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ၁ဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✡

ဘင်္ဂလားပင်လယ်အော် မုတ်သုံလေအားကောင်းနိုင်

နေပြည်တော် ဇွန် ၃၀

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲအောက်ရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂၄၀ စင်တီမီတာ (ရှစ်ပေခန့်) နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၈၀ စင်တီမီတာ (ခြောက်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း

မြန်မာအမျိုးသမီးကောင်းတို့သည် အမျိုးအနွယ်ကို စောင့်ရှောက်ခဲ့သည်။ ဇာတိပဝတ္တိ သိက္ခာရှိခဲ့သည်။ နိုင်ငံကို ချစ်သည်။ လူမျိုးကိုချစ်သည်။ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနှင့် ယဉ်ကျေးမှုအစဉ်အလာ ရိုးရာဓလေ့စရိုက်များကို ကိုးကွယ်ယုံကြည်မြတ်နိုးပြီး တန်ဖိုးထား လေးစားစွာ ခံယူကျင့်သုံး ထိန်းသိမ်းခဲ့ကြသည်။ အမျိုးကောင်းသမီးများ ဖြစ်ကြသကဲ့သို့ အမျိုးသမီးကောင်းများလည်း ဖြစ်ခဲ့ကြသည်။

နှင်းဝတ်ရည်ဦး(မွန်ပြည်နယ်)၏ ဆောင်းပါး (စာ-၄-၅)

အာစင်ဝင်းဂါး
အာဆင်နယ်မှ ထွက်ခွာမည်လော
ကမ္ဘာတစ်လွှားအားကစား (စာ-၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁ ရက်)

မိုးလေဝသ သတိပေးချက်များလိုက်နာ သဘာဝဘေးအန္တရာယ် ဂရုပြုကြိုတင်ကာကွယ်

မြန်မာနိုင်ငံ၏ မိုးလယ်ကာလသည် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ရက်နေ့အထိ ဖြစ်သည်။ ယင်းကာလအတွင်း မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ချောင်းများ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်တတ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မိုးလယ်ကာလအတွက် မိုးလေဝသ ခန့်မှန်းချက် ထုတ်ပြန်ခဲ့ရာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်၌ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပြီး ဇူလိုင်လလယ်ခန့်၌ မုတ်သုံလေအား ပြတ်ခြင်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြပါရှိသည်။

မိုးရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ၊ ချင်းတွင်းမြစ်ရေနှင့် စစ်တောင်းမြစ်ရေများ မြင့်တက်လာနိုင်ပြီး အဆိုပါမြစ်ရေများ လျှံတက်ခြင်းကြောင့် ညောင်ဦး၊ ဟသ်ာတ၊ ကလေးဝ၊ မုံရွာ၊ ဘားအံ၊ တောင်ငူ၊ ရွှေကျင်မြို့များ၌ တစ်ကြိမ်၊ ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်၊ မဒေါက်မြို့များတွင် နှစ်ကြိမ်ခန့် စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

ပင်လယ်ကမ်းရိုးတန်းဒေသနှင့် မြစ်ချောင်းကမ်းနားပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးလေဝသသတိပေးချက်များကို ရပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ဂရုပြုကြည့်ရှု၍ ကြိုတင်တားဆီးမှုများကို စီမံထားရမည် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေး ဖြစ်ပေါ်ကျရောက်နိုင်ရာ မိုးလေဝသ ကြိုတင်သတိပေးချက်များကို အစဉ်သတိပြုနေရမည် ဖြစ်သည်။ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါကလည်း ပျက်စီးဆုံးရှုံးမှုများ နည်းပါးစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ပြည်သူများ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့ဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်(၅)ရပ်ကွက် ညောင်တန်း အိမ်ရာ အဏ္ဍဝါလမ်း သွယ်-၁၊ ဘီ-၂ နေ ဦးသိန်းစံ-ဒေါ် တင် ဝင်း မိသားစုက ဒုဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စိတ်စေတနာကောင်းဖြင့် နိုင်ငံ့အကျိုး သယ်ပိုး

ဝန်ထမ်းကောင်းဖြစ်ရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးကြိုးပမ်း စိုက်ပျိုး၊ မွေးမြူရေးဖြင့် သက်သာချောင်ချိရေးဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၆ရက်မှ ၂၈ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မန္တလေးမြို့သို့ ရောက်ရှိပြီး အကျဉ်းထောင်များ၊ ရဲစခန်းများနှင့် ရဲဗဟိုလေ့ကျင့်ရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်များရှိ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

မှာကြား

ရေးဦးစွာ ဝန်ကြီးသည် ဇွန်၂၆ရက် မွန်းလွဲပိုင်းတွင် လားရှိုးအကျဉ်းထောင်သို့ ရောက်ရှိပြီး မန္တလေးထောင်အုပ်စုညွှန်ကြားရေးမှူး ဦးညီစိုးနှင့် အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးဝင်းတို့က ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဝန်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှ စိုက်ပျိုးထားသော နွေစပါးဧက၂၀၊အကျဉ်းဦးစီးဌာနမှ စိုက်ပျိုးထားသော နွေစပါးဧက၂၀ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လားရှိုး အမှတ်(၁)ရဲစခန်းကို စစ်ဆေးကာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ မှာကြားသည်။

နိုင်ငံ့အကျိုးသယ်ပိုး

ထို့နောက် ဝန်ကြီးသည် ဇွန်၂၆ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ **(အပေါ်ပုံ)** နှင့် ဇွန် ၂၇ရက်တွင် ကျောက်မဲနှင့် ပြင်ဦးလွင်မြို့များ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ လက်ရှိ ပြည်တွင်းပြည်ပ နိုင်ငံရေး အခြေအနေ၊ စီးပွားရေး၊ လူမှုရေး အခြေအနေ၊ ဝန်ထမ်းများ အနေဖြင့် စည်းကမ်းကောင်းမွန်ရေး၊ စွမ်းရည်ရှိရှိ ဆောင်ရွက်ရေး၊ စိတ်စေတနာကောင်းဖြင့် နိုင်ငံ့အကျိုး သယ်ပိုး ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ဇွန်၂၇ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာနသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးရဲမှူးချုပ် သိန်းတင့်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ဝန်ကြီးသည် ဇွန် ၂၈ ရက်တွင် မန္တလေး ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိပြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ရှင်းလင်းတင်ပြရာဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး အကျဉ်းဦးစီးဌာနမှ စိုက်ပျိုးထားသည့် နွေစပါး ၂၁ဧကအောင်မြင်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၊ မိသားစုများအားတွေ့ဆုံ၍ ဝန်ထမ်းကောင်းဖြစ်ရေး၊ လာဘ်ပေး လာဘ်ယူကင်းရှင်းရေး၊ ကိုယ်ကျင့်တရားကောင်းပြီး လူသားချင်းစာနာထောက်ထားစွာဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ရေး၊ သက်သာချောင်ချိရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးဖြင့် ဝန်ထမ်းများ အတွက် ဆောင်ရွက်ရေးတို့ကို ဆွေးနွေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသိမ်တော်ကြီး စာသင်တိုက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၃၀

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပက အဖွဲ့နှင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ သုံးမြို့နယ် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင်၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက် ဓမ္မာရုံ၌ ကျင်းပ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့မှ ဆရာတော်ကြီး ၁၇ ပါး၊ တိုင်း သံဃနာယကအဖွဲ့မှ ဆရာတော်နှစ်ပါး၊ သီတဂူဆရာတော်အပါအဝင် ပင့်သံဃာ အပါး၂၀နှင့် စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ အမှူး ပြုသည့်ကျောင်းတိုက်သံဃာတော်အရှင် သူမြတ် အပါး ၁၁၀၊ စုစုပေါင်းအပါး ၁၅၀ တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်ရာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ကိုယ်တိုင်ဖြစ်စေ၊ ဂေါပကအဖွဲ့ ဖုန်း-၃၈၃၈၅၇သို့ဆက်သွယ်၍ဖြစ်စေ လှူဒါန်း နိုင်ကြောင်းသိရသည်။ **(၃၅၂)**

မြဝတီရပ်မြင်သံကြား

၁-၇-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရပ်မြင်ပေါ်ကရပ်ရှင် **သံယောစဉ်နေ့ရက်များ**
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၅။	ချိုမြလက်သံငြိမ်ညောင်းဟန်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့် ကမ္ဘာ
၆:၀၀	၈။	မြဝတီရပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၆:၄၅	၁၂။	အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၇:၀၀	၁၃။	ရသစုံလင်ရပ်မြင်စာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၇)
၈:၀၀	၁၄။	မြဝတီရပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပေဟေဋ္ဌိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရပ်မြင်စာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၀)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ခိုင်း

တပ်မတော်(ကြည်း၊ ရေ၊ လေ)စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃၀

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ခိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားပြိုင်ကွင်း မိုးလုံ လေလုံခန်းမတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် အင်းစိန် ဖော့ကန်ရပ် ဝိသာခါလမ်းနေ ဦးအောင်ကျော်မိုး-ဒေါ်ဝင်းမမယဉ်၊ သား ကောင်းမြတ်ထွန်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရွှေပြည်ဟိန်းဆရာတော်(သီတဂူကြာတစ်ပွင့်) ရှေ့မှောက်၌ ဆေးခန်းအထောက်အကူပြု ဒေါက်တာရီရီစိန်အား ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

အခမ်းအနားသို့ မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စားပွဲတင်တင်းနစ် ကော်မတီမှ တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများသည် အားကစားရုံအတွင်း နေရာယူပြီးနောက် တိုင်းမှူးအား အလေးပြုကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။

သရုပ်ပြ

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများသည် တိုင်းမှူးအား အလေးပြုပြီးနောက် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဒုတိယအရာခံဗိုလ်ထင်လင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းမှ ဒုတိယတပ်ကြပ်နေအောင်ဝင်းတို့၏ သရုပ်ပြယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ခိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ)စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်မဌာနချုပ်များမှ ကိုယ်စားပြုပြိုင်ပွဲဝင်အသင်း ၁၈သင်း၊ ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၂၈ဦးတို့က ပြိုင်ပွဲကစားနည်းပေါင်း ၁၂ မျိုးအား ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို ဗထူးအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ဇွန် ၂၆ ရက်မှ ဇူလိုင် ၄ရက်အထိ ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်)အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၂၆ရက်က ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြသင်း၊ ပြည်ထောင်စု ကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်တို့တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေ**(အောက်ပုံ)**နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးမြသင်းတို့က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သင်တန်းအသုံးစရိတ်အတွက် ငွေကျပ် ၁၀၀၀၀ ကို မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးယုနိုင်က ပေးအပ်သည်။**(ခရိုင် ပြန်/ဆက်)**

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွဲကြပါစို့

ပညာရေးဝန်ကြီးဌာန

စာကြည့်တိုက်ပညာ အဆင့်မြင့် သင်တန်းဖွင့်

ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တမူး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ အဆင့်မြင့် သင်တန်းဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၁၁ နာရီက တမူးမြို့နယ် ဟဲဇင်းကျေးရွာ အခြေခံပညာ မူလတန်း လွန် ကျောင်း၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးအောင်သန်းက အမှာစကား ပြောကြားသည်။

သင်တန်းတွင် ခရိုင်ဦးစီးအရာရှိ ဦးအောင်သန်းနှင့် မြို့နယ်ဦးစီးမှူးဦးအောင်ဝင်တို့က ဆွေးနွေးပို့ချပြီး သင်တန်းသို့ ဟဲဇင်းကျေးရွာ၊ ရေနန်းကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် ရေအေးကျေးရွာတို့မှ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ၊ တက်ရောက်ကြသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ရေဦးမြို့၌ လူမှုရေး အသင်းအဖွဲ့များအား အလှူငွေပေးအပ်

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ လူမှုရေး အသင်းအဖွဲ့ခြောက်ဖွဲ့အား အလှူငွေထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၉၂၀၀၀၀၊ မြို့မိမြို့ဖများအဖွဲ့က ငွေကျပ်၁၂၀၀၀၀၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များနှင့်ဆန်ကုန်သည်များအသင်းက ငွေကျပ် ၁၂၀၀၀၀၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ငွေကျပ်၁၂၀၀၀၀ စုစုပေါင်း ငွေကျပ်၁၂၈၀၀၀၀ကိုထောက်ပံ့ပေးအပ်ရာ မြို့နယ်ပြည်ထောင်စုကြွံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးတင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (က-ပ)

ကွမ်းလုံခရိုင် ပြန်/ဆက် စာဖတ်ပွဲ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်း ဦးစီး၍ စာဖတ်ပွဲကို မေ၂၉ရက်က စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မေ ၁၉ ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ရဲဘော်တင်ရွှေ၏ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေး ဆောင်းပါးကို ဒုတိယဦးစီးမှူးဦးသိန်းအောင်ကလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏ လက္ခဏာများ စာအုပ်မှစာဖတ်ကျင့်ဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃)ဒေါ်နေခြည်သွေးကလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ ချစ်သမျှရေးသည့် စာများစာအုပ်မှ ဘဝတန်ဖိုးဆောင်းပါးကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်အိုဆောညွန့်ကလည်းကောင်း ဖတ်ကြားဆွေးနွေးကြပြီး စာဖတ်ပွဲနှင့်ပတ်သက်၍ ခရိုင်ဦးစီးအရာရှိက သုံးသပ် ဆွေးနွေးကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

အထက(၁) ရေနံချောင်း ကျောင်းဆောင်သစ်ဆောက်ရန် ငွေလှူဒါန်း

ရေနံချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာပါရမီ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အတွက် ငွေကျပ်သိန်း၅၀၀ လှူဒါန်းကြောင်း သိရသည်။ (၂၉၇)

စီမံကိန်းတာဝန်ပေးအပ်ပွဲ ရေးမြို့နယ်၌ကျင်းပ

၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မေ ၃၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမိုးကျော်နိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာများသို့ စီမံကိန်းတာဝန်များ ပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစကြို့မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးအပ်

မကွေးတိုင်း ရေစကြိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးအရာရှိ ဦးမီနားဘူ၏ ဦးဆောင်မှုဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် အရည်အချင်းပြည့်မီသူများအား ရေစကြိုမြို့ပေါ် နယ်မြေရှစ်ခုအပါအဝင် နယ်မြေခံတပ်များနှင့် ကျေးရွာအုပ်စု ၈၉အုပ်စုသို့ ဝန်ထမ်းများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်နှင့် အထက်၊အသက် ၁၈ နှစ် အထက်ရှိသူများ၊ အကြောင်းကြောင်းကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမလုပ်ရသေးသူများ၊ ပျောက်ဆုံးသူများနှင့် ပျက်စီးသူများအား ဆောင်ရွက်ပေးလျက်ရှိရာ ရာနိုင်နှုန်းအားဖြင့် ၇၀ရာနိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ (၂၅၁)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု

မြန်မာအမျိုးသမီးကောင်းတို့သည်

နှင်းဝတ်ရည်ဦး (မွန်ပြည်နယ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

မြန်မာနိုင်ငံ၏ အမျိုးသားရေးသမိုင်းတွင် မြန်မာအမျိုးသမီးကောင်းတို့သည် အမျိုးအနွယ်ကို စောင့်ရှောက်ခဲ့သည်။ ဇာတိပဝတ္တိ သိက္ခာရှိခဲ့သည်။ နိုင်ငံကိုချစ်သည်။ လူမျိုးကိုချစ်သည်။ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနှင့် ယဉ်ကျေးမှုအစဉ်အလာ ရိုးရာဓလေ့စရိုက်များကို ကိုးကွယ်ယုံကြည် မြတ်နိုးပြီး တန်ဖိုးထား လေးစားစွာ ခံယူကျင့်သုံး ထိန်းသိမ်းခဲ့ကြသည်။ အမျိုးကောင်းသမီးများ ဖြစ်ကြသကဲ့သို့ အမျိုးသမီးကောင်းများလည်း ဖြစ်ခဲ့ကြသည်။

ဤတွင် မြန်မာအမျိုးသမီးများ၏ သမိုင်းရေး အစဉ်အလာအား အကျဉ်းမျှ ရည်ညွှန်းကိုးကား တင်ပြလိုပါသည်။ မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့က ကျူးကျော်စစ်သုံးကြိမ် ကျူးကျော်နယ်ချဲ့ခဲ့ရာတွင် ပထမကျူးကျော်စစ်အား ခုခံတွန်းလှန်ခဲ့ကြသည့် ဝက်ထီးကန်တိုက်ပွဲ၌ ရှမ်းတိုင်းရင်းသူ အမျိုးသမီးသုံးဦးက နယ်ချဲ့ကို ရဲရဲဝံ့ဝံ့ ခုခံတိုက်ခိုက် ဆန့်ကျင်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား တတိယ ကျူးကျော်စစ်ဖြင့် လုယက်တိုက်ခိုက် သိမ်းပိုက်ရယူပြီးနောက် မြန်မာတိုင်းရင်းသားများက ရရာလက်နက်ကိုစွဲကိုင်၍ ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ ယင်းနယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲ၌ ထင်ရှားသော ဗိုလ်မင်းရောင်၏ မြန်မာ့မျိုးချစ် တော်လှန်ရေးတပ်တွင် အမျိုးသမီးသူရဲကောင်း ပင်းခင်ခင်သည် သမိုင်းဝင် နယ်ချဲ့ ဆန့်ကျင်ရေး အာဇာနည် အမျိုးသမီးတစ်ဦး ဖြစ်ခဲ့သည်။

ယင်းနောက်ပိုင်းကာလ ၁၉၁၉ခုနှစ်မှ ၁၉၄၈ခုနှစ်အထိ နယ်ချဲ့ ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှု တိုက်ပွဲများဖြစ်သည့် လွတ်လပ်ရေးတိုက်ပွဲများတွင် မြန်မာအမျိုးသမီးများသည် ပိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖဆပလအဖွဲ့တို့နှင့်အတူ ကုမ္ပာရီအသင်း၊ အာရှလူငယ်အစည်းအရုံး စသည်ဖြင့် စည်းရုံးဖွဲ့စည်းလျက် တက်ကြွပြတ်သားစွာ ပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ခုနှစ်မှ မျက်မှောက်ခေတ်ကာလအထိ လွတ်လပ်ရေးထိန်းသိမ်း ကာကွယ်မှု တာဝန်များနှင့် နိုင်ငံတည်ဆောက်ရေး တာဝန်များကို ဌာနအသီးသီး၊ အသင်းအဖွဲ့အစုံစုံ၊ ဒေသအနှံ့အပြားတို့တွင် အမျိုးသမီးများ ပါဝင်ထမ်းဆောင်လျက်ရှိကြသည်။ တပ်မတော်၊ ရဲတပ်ဖွဲ့၊ တရားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ စွမ်းအင်၊ လျှပ်စစ်၊ စက်မှု၊ မွေးမြူရေး၊ သိပ္ပံနှင့် နည်းပညာ၊ နယ်စပ်စည်ပင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး စသည့် ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်တတ်မြောက်ရာ အသိပညာအတတ်ပညာတို့ဖြင့် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက် ရှိကြသည်။

ထိုနည်းတူ ပုဂ္ဂလိကစီးပွားရေးနယ်ပယ်များ၊ ကုန်ထုတ်လုပ်ငန်းနယ်ပယ်များ၌လည်း အမျိုးသမီးများသည် မိမိတို့၏ စွမ်းဆောင်ရည် အလိုက် ပါဝင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြသည်။ ယင်းအပြင် ဘဝတူ၊ အတန်းအစားတူ၊ လုပ်ငန်းနယ်ပယ်တူ၊ အလွှာတူများ ပါဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ ပန်းပညာရှင်များအသင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ပုံနှိပ်ထုတ်ဝေသူများအသင်း၊ ဓာတ်ပုံပညာရှင်များအသင်း၊ ဆရာဝန်များအသင်း၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းတို့တွင်လည်း ပါဝင်ဆောင်ရွက်လျက် ရှိကြသည်။

ပရဟိတ လူမှုအဖွဲ့အစည်းများ ဖြစ်ကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့တွင် အမျိုးသမီးများပါဝင်လျက် နိုင်ငံနှင့်လူမျိုး၏အကျိုးစီးပွားကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံ၊ ကဏ္ဍစုံတို့မှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ပြည်နယ်နှင့်တိုင်းများ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များအထိ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးတို့အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခွင့်အလမ်းများရရှိစေရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ရာ ၂၀၀၇ ခုနှစ်အထိ အကြိမ်ပေါင်း (၁၈၁၄)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသမီးဦးရေ ငါးသောင်းကျော် တက်ရောက်ခဲ့သည်။ အမျိုးသမီး ၂၅၆၅ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ပြီးဖြစ်သည်။ ပညာသင်ကြားရေး အခွင့်အလမ်းမရသော အမျိုးသမီးငယ်များအား ပညာသင်ကြားရေးအခွင့်အလမ်း ရရှိစေရန်၊ အမျိုးသမီးရေးရာ စေတနာညကျောင်းများကို ဖွင့်လှစ်ပြီး သင်ကြားစေခဲ့သည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းတွင် အဓိကလုပ်ငန်းများဖြစ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ဥပဒေအရ အရေးယူရေးလုပ်ငန်း၊ အကာအကွယ်ပေးရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းများတွင် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ စကားပိုင်းများပြုလုပ်၍ ပညာပေးဆွေးနွေးခြင်းတို့ကို အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်က အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူပြီး ကြိုးပမ်းစည်းရုံး ဆောင်ရွက်လျက် ရှိသည်။ ယင်းအပြင် လူကုန်ကူးမှု၏ သားကောင် အဖြစ်ကျရောက်ခဲ့သည့် အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးမှုများ၊ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ကုစားမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းပြီး လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့အောင် ပြုစုပျိုးထောင်မှုများ၊ ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးပြီး အလုပ်အကိုင် အခွင့်အလမ်းများကို ရှာဖွေပေးခဲ့သည်။

အလားတူပင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နေအိမ်တွင်း စနစ်တကျ ပြုစုစောင့်ရှောက်ပေးရန်လိုအပ်သော AIDS နာတာရှည်ရောဂါသည်များ၊ တီဘီရောဂါသည်များအား ကုသမှုနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ကျန်းမာရေး ဝန်ကြီးဌာန၊ အခြားနှီးနွယ်သော ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် ၄က်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းကို ကျေးလက်ဒေသများအထိ ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဖြစ်သည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးစိမ်ခြင်ထောင်သုံးစွဲခြင်းဖြင့် တစ်ကိုယ်ရေ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်နှိမ်နင်းရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကိုလည်း ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပနိုင်ငံအချို့နှင့် နယ်စပ်ဒေသများတွင် ခိုအောင်းနေသော မြန်မာအမျိုးသမီးဆိုသူများ၏ မြန်မာနိုင်ငံနှင့် မြန်မာအမျိုးသမီးများအား အခြေအမြစ်မဲ့စွာ လုပ်ကြံပုတ်ခတ်စွပ်စွဲမှုများအနက် အချို့ကို ကောက်နုတ်ပြီး နှိုင်းယှဉ်ဖော်ပြလိုပါသည်။ ယင်းလုပ်ကြံပုတ်ခတ်စွပ်စွဲမှုများတွင် မြန်မာအမျိုးသမီးများသည် လူ့အခွင့်အရေးများ ဆုံးရှုံးနေကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးမိခင်များအား ကျန်းမာရေးစောင့်ရှောက်မှု မရှိကြောင်း စသည်ဖြင့် ပြည်ပအသံလွှင့်ဌာနများမှတစ်ဆင့် ထုတ်လွှင့် ပုတ်ခတ်ခဲ့ကြသည်။ စင်စစ် ထိုသို့လုပ်ကြံပုတ်ခတ်ခဲ့ကြသည်။

အကြောင်းမူ ယင်းသို့ ပုတ်ခတ်စွပ်စွဲကြသူများအနက်မှ အမျိုးသမီးတစ်ဦးသည် ဘီဘီစီ အသံလွှင့်ဌာနမှ အာရ်အက်ဖ်အေ အသံလွှင့်ဌာနသို့ ပြောင်းရွှေ့သွားသူ တစ်ဦးဖြစ်ပြီး နိုင်ငံခြားသားတစ်ဦး၏ ကိုယ်လုပ်တော်တစ်ဦးအဖြစ် ခံယူထားသူဖြစ်သည်။ အခြားအမျိုးသမီးတစ်ဦးမှာ မြန်မာနိုင်ငံမှ တရားမဝင်ထွက်သွားပြီး အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးရုံးမှ အမေရိကန်နိုင်ငံသားတစ်ဦး၏ လက်ထပ်ဇနီး ဖြစ်သည်။ အခြားတစ်ဦးမှာလည်း စတီရီယိုအဆိုတော် ပေါက်စတစ်ဦးဖြစ်ပြီး နိုင်ငံခြားသားတစ်ဦး၏ ဇနီးမယားပင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင် အာရှနိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ မတည်မငြိမ်ဖြစ်ရန် ငွေကြေးဈေးကွက်ကို ထိုးနှက်တိုက်ခိုက်နေသော အမေရိကန် နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ဂျော့ချ်ဆိုရာစ် တည်ထောင်ထားသည့် Open Society အဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော မိုရင်းအောင်သွင်၊ အက်စ်ကင်းမီးစလေး တို့သည်လည်း နိုင်ငံခြားသားများ၏ဇနီးမယားများပင် ဖြစ်ကြသည်။ အလားတူပင် မြန်မာအမျိုးသမီးအမည်ခံ နော်လွီဇာဘင်ဆင်သည်လည်း မြန်မာအမျိုးသမီးငယ်များစွာကို တရုတ်ဖြူ တပ်ပြေးများထံ သွားရောက်ရောင်းချခဲ့သည့် မယား ၇၅ယောက်ယူခဲ့သော ကေအင်နယူတပ်မင်း လင်းထင်၏ ဇနီးဖြစ်ခဲ့ပြီး လင်းထင် သေဆုံးပြီးနောက် ထိုင်းနိုင်ငံတွင် ရေမျောကမ်းတင်ဘဝ ရောက်နေစဉ် အမေရိကန် စစ်တပ်မှ တပ်ကြပ်ကြီးတစ်ဦးနှင့် လက်ထပ်လိုက်သည်။ ယင်းနောက် အမေရိကန် နိုင်ငံသူအဖြစ် ခံယူခဲ့သူဖြစ်သည်။

ယင်းသို့သော အမျိုးသမီးများက ဦးဆောင်၊ ဦးရွက်ပြုနေသော အမျိုးသမီးအဖွဲ့က လုပ်ကြံပုတ်ခတ်စွပ်စွဲမှုများသည် မြန်မာအမျိုးသမီးတို့၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ၊ ယင်းတို့၏အိမ်ဦးနတ်အရှင်သခင်တို့၏ အကျိုးစီးပွားအတွက် ဖြစ်သည်ဆိုသည်မှာ မည်သို့မျှ ငြင်းကွယ်၍ မရနိုင်သော သဘာဝယုတ္တိတရားပင် ဖြစ်သည်။

သူတို့တစ်တွေ ပြောနေဆိုနေသော လူ့အခွင့်အရေးဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးလက်မထပ်ဘဲ အတူနေခွင့်လား။ အမျိုးသားနှင့် အမျိုးသမီး အဝတ်အစားဗလာဖြင့် လွတ်လပ်စွာနေစာလှုံခွင့်လား။ ယင်းလွတ်လပ်ခွင့်နှင့်လူ့အခွင့်အရေးမျိုးသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် လုံးဝခံစားခွင့်မရှိပါ။ မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်စွာ ဟီရိသြတ္တပ္ပ အရှက်အကြောက်တရားကင်းသည့် လူ့အခွင့်ရေးမျိုးကို မြန်မာအမျိုးသမီးများက ရွံရှာမုန်းတီးစွာ ဆန့်ကျင်ကြမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများ ခံစားရရှိနေသော လူ့အခွင့်အရေးဆိုသည်မှာ အမျိုးသားများနှင့်တန်းတူ နိုင်ငံ့တာဝန်

မျက်မှောက်ခေတ်ကာလရှိ မြန်မာအမျိုးသမီးကောင်းတို့သည် နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာကို ထိန်းသိမ်းဆက်ခံကြသည်။ လွတ်လပ်ရေးကို မြတ်နိုးစွာ ကာကွယ်ကြသည်။ နိုင်ငံတည်ဆောက်ရေးတာဝန်ကို ကျေပွန်ကြသည်။ အမျိုးအနွယ်ဇာတိကို တန်ဖိုးကြီးစွာ ထိန်းသိမ်းကြသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိမာန်များ ရှင်သန်ထက်မြက်လျက် ရှိကြသည်။ ထို့ကြောင့် မြန်မာအမျိုးကောင်းသမီးများ ဖြစ်ကြသကဲ့သို့ မြန်မာအမျိုးသမီးကောင်းများလည်း ဖြစ်ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် အမျိုးသမီးရေးရာကဏ္ဍမှ အမျိုးသမီးများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေခြင်းဖြင့် အမျိုးကောင်းသမီးများအား အမျိုးသမီးကောင်းများအဖြစ် ရပ်တည်နိုင်ရေးကို ဦးတည်ရှေးရှု အကောင်အထည် ဖော်နေခြင်းပင် ဖြစ်သည်။

ထမ်းဆောင်ခွင့်၊ အလုပ်လုပ်ခွင့်၊ စီးပွားကုန်သွယ်လုပ်ပိုင်ခွင့်၊ အများအကျိုးစီးပွား၊ လူမှုရေး၊ ပရဟိတလုပ်ငန်းများ လုပ်ပိုင်ခွင့်များပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ဘဝကို အာမခံချက်ပေးထားသည့် အမျိုးသမီးဆိုင်ရာ ဥပဒေများ၊ ကျင့်ထုံးများ၊ နည်းဥပဒေများ အခိုင်အမာရှိပြီးဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးလက်ထပ်ပြီးပါက

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပထမဆုရရှိသော ဇော်ဝင်းထွန်း (အား/ကာ)၏ ဓာတ်ပုံ။ (သတင်းစဉ်)

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများ

ဂုဏ်ရည်မြင့်မား မိန်းမသား

* "မာတာပီတ၊ မိနှင့်ဖ"ဟု
ရှေးကဆိုငြား၊ ထိုစကားတွင်
မှတ်သားအဖြေ၊ ထင်ရှားလေသည်
အမေရှေ့က ပါတကား။

* အမေဘဝ၊ ပိုင်ဆိုင်ရသည့်
မိန်းမဟူသည်၊ ရှေးပဝေဏီမှ
ဂုဏ်ရည်မြင့်မား၊ ရှိပြီးသားတည့်
"စကားနဲ့ မြှူကာတမင်
အားခွဲ့သူပါရှင်
အလှရှာ စိမ်းမသွားပါနှင့်
ကျွန်မမှာ မိန်းမသားပါရှင့်....လို့....!"
အသနားခံစရာ၊ မလိုပါတည့်
ရာစုအသစ်၊ ယခုခေတ်၌
နုမျစ်ပေငြား၊ မိန်းမသားတို့
အားမာန်သစ်ဝေ၊ မြန်မာ့မြေတွင်
ခြေတစ်လှမ်းနောက်မကျ၊ စွမ်းဆောင်ပြသည်
မြန်မာ့မိန်းမသားများ ပေတကား။

* မြန်မာဟူသည်၊ ကိုယ့်တိုင်းပြည်ကို
ချစ်ကြည်ထာဝရ၊ မြတ်နိုးကြ၏
ကျား မ ဟူငြား၊ မခွဲခြားဘဲ
အားမာန်ကိုယ်စီ၊ စွမ်းရည်ကိုယ်၄
ပိုင်သမျှဖြင့်
မြန်မာ့မြေအကျိုး၊ ထမ်းသယ်ပိုးရန်
အမျိုးသမီးရေးရာ၊ ဖွဲ့စည်းပါခဲ့
မြန်မာမလေး၊ မြန်မာ့သွေးတို့
လေးမြတ် ဂုဏ်ယူဖွယ်ပါတကား။

* ဩော်....မြန်မာမလေး၊ မြန်မာ့သွေးတို့
ယဉ်ကျေးမူရာ၊ ထိန်းသိမ်းပါလော့
ဇာတိမျိုးရိုး၊ ချစ်မြတ်နိုးလော့
ကိုယ်ကျိုးမကြည့်၊ ပြည်ကျိုးကြည့်လော့
ဧည့်သည် အိမ်ရှင်၊ ခွဲခြားမြင်လော့
ဘယ်တွင် နောင်ကြိုး၊ ဘယ်တွင် ပိုးဟု
မျိုးဖျက်ရန်သူ
ဟူ ဟူသမျှ၊ တိုက်ဖျက်ကြလော့
သို့မှ မြန်မာ၊ ဂုဏ်သိက္ခာနှင့်
မွေးရာဗီဇ၊ ပိုင်ဆိုင်ကြသည့်
မိန်းမလှ ဂုဏ်ရည်၊ ခုံညားတည်ကာ
ပြည်ချစ်သမီးကောင်း ပီလိမ့်တကား။ ။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက် –

မြင်းမူမောင်နိုင်မိုး

ဒုတိယဆုရရှိသော A.K.Moe (သတ္တဗေဒ)၏ ဓာတ်ပုံ။ (သတင်းစဉ်)

တတိယဆုရရှိသော ဦးလှထွန်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၏ ဓာတ်ပုံ။ (သတင်းစဉ်)

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

အမျိုးသမီး၏ မူလအမည်ကိုပယ်ဖျက်၍ ခင်ပွန်းဖြစ်သူအမျိုးသား၏ အမည်ကိုသာ ခေါ်ဝေါ်သုံးစွဲရသော အမျိုးသမီးဘဝကို တစ်ဆင့်နိမ့်ကျ စေသည့် တန်းတူအဆင့်မထားသော အစဉ်အလာမျိုး မြန်မာနိုင်ငံတွင် မရှိပါ။ မြန်မာနိုင်ငံတွင် အမျိုးသမီးများအတွက် အစဉ်အဆက်ရှိပြီး ဖြစ်သော လူ့အခွင့်အရေးနှင့်အခိုင်အမာပြဋ္ဌာန်းထားသည့် ဘဝအာမခံ ချက်များသည် မျိုးရိုးဇာတိပျက်ပြားနေကြသော နယ်ချဲ့ဩဇာခံ အမျိုးသမီး များ အထင်တကြီးကိုးကွယ်နေသည့် နိုင်ငံများထက် သာလွန်ပြည့်စုံ ခိုင်မာစွာ ဖြစ်ထွန်းလျက်ရှိသည်။

သူတို့တစ်တွေ စွပ်စွဲပုတ်ခတ်နေသော ကိုယ်ဝန်ဆောင် အမျိုးသမီး များနှင့် ကလေးမိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုမရှိဟူသော စွပ်စွဲချက်အား အထူးအထွေရှင်းလင်းရန် မလိုအပ်တော့ပါ။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံနှင့်အဝန်း ကျယ်ပြန့် စွာဖွဲ့စည်းပြီး လက်တွေ့လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လာခဲ့သည်မှာ တိုင်းသိ ပြည်သိကုလသမဂ္ဂဌာနေ အဖွဲ့အစည်း များလည်း သိပြီးဖြစ်သည်။ ယနေ့ကာလတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကပါ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက် လျက်ရှိသည့်အပြင် ကျန်းမာရေးဌာနများကလည်း ကလေးငယ်များအား ကူးစက်ရောဂါ ကာကွယ်ဆေးများကို စနစ်တကျ စီမံချက်ဖြင့် ကြိုတင်ထိုးပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာသန်စွမ်းစွာ မွေးဖွားနိုင်ရေးအတွက် ဒေသန္တရဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာန များကို နိုင်ငံနှင့်အဝန်း ဖွင့်လှစ်ထားရှိခြင်းတို့အပြင် ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မျိုးရိုး ဇာတိပျက်ပြားနေကြသော မြန်မာအမျိုးသမီးဆိုသူများ ခိုအောင်းနေထိုင် လျက်ရှိကြသည့် နိုင်ငံများတွင် ငွေမကုန်ဘဲ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိပါသလားဟု မေးလိုပါသည်။

မြန်မာနိုင်ငံနှင့် မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာအစဉ်အလာတို့ကို ထိပါးစော်ကားပုတ်ခတ်နေကြသည့် မြန်မာအမျိုးသမီးဆိုသူတို့နှင့် မြန်မာ အမျိုးသမီးတို့၏ ဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေး၊ လုံခြုံရေးတို့ကို ကြိုးပမ်း အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရပ်တည်ချက်၊ ဆောင်ရွက်ချက်တို့သည် မည်မျှခြားနား ဆန့်ကျင်လျက် ရှိသည်ကိုလည်းကောင်း၊ မည်သူတို့သည် အမျိုးသမီးများ၏ဘဝကို ကာကွယ်စောင့်ရှောက်ပြီး မည်သူတို့က ဖျက်ဆီးရန် ကြိုးပမ်းကြစည်နေ သည်ကိုလည်းကောင်း အထင်အရှား သိရှိနိုင်ကြပြီ ဖြစ်ပါသည်။

ဤတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန် ဩဝါဒစကားကို ကိုးကားရလျှင်–

"နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ အကောင်အထည်ပေါ် အောင်၊ ခိုင်မြဲလာအောင်၊ အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်း ဆောင်ရွက် သွားရန်၊ အမျိုးသမီး အခွင့်အရေး၊ လူမှုအခွင့် အရေးတို့ကို အသုံးချပြီး အမျိုးသမီးငယ်များကို လမ်းမှားသို့ တွန်းပို့နေသည့် နယ်ချဲ့အလိုတော်ရိတို့၏ လှုံ့ဆော်ဖန်တီးမှုကို ဆန့်ကျင်တိုက်ဖျက် သွားကြရန် မြန်မာ အမျိုးသမီးတို့၏ နူးညံ့ယဉ်ကျေးသည့် လေ့စရိုက်၊ နက်ရှိုင်း တည်ငြိမ်သည့်အမူအကျင့်၊ နက်နဲသိမ်မွေ့သည့် အတွေးအခေါ်၊ အယူအဆ၊ အထိန်းအကွပ်ဖြင့် ဖြစ်ထွန်းလျက်ရှိသည့် အခွင့် အလမ်းများ စသည်တို့ ပုံမှန်ရှင်သန်လာနိုင်အောင် ပိုင်းဝန်းကြိုးပမ်းကြရန်"

ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ဩဝါဒ စကားသည် မြန်မာအမျိုးသမီးတို့၏ ပကတိဘဝပေါ်တွင် အခြေခံလျက် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာအမျိုးသမီးတို့၏ အကျိုးစီးပွားဖော်ဆောင်ရေးနှင့် နိုင်ငံတည်ဆောက်ရေးတာဝန်ကို ရည်ညွှန်းထားသကဲ့သို့ နယ်ချဲ့ဩဇာခံ အလိုတော်ရိတို့က မြန်မာအမျိုးသမီးများအား လမ်းမှားသို့တွန်းပို့နေသည့် အန္တရာယ်ကိုလည်း ထောက်ပြအသိပေးခြင်းဖြစ်သည်။

ပြည်တွင်း ပြည်ပရှိ နယ်ချဲ့ဩဇာခံ အလိုတော်ရိများသည် နိုင်ငံတော် အပေါ်တွင်လည်း သစ္စာဖောက်ဖျက်၏။ အမျိုးအနွယ်ကိုလည်း ဖျက်ဆီး၏။ ယင်းနယ်ချဲ့ဩဇာခံ အလိုတော်ရိများ၏ ဂိုဏ်းဝင်၊ အမျိုးအနွယ် ဇာတိ ပျက်ပြားနေသော မြန်မာအမျိုးသမီး ဆိုသူတို့သည် နိုင်ငံနှင့် လူမျိုးကို နယ်ချဲ့ကျွန်ဘဝရောက်ရန် မြန်မာအမျိုးသမီးများကို သွေးထိုးလှုံ့ဆော် လျက် ရှိကြသည်။

မျက်မှောက်ခေတ်ကာလရှိ မြန်မာအမျိုးသမီး ကောင်းတို့သည် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကို ထိန်းသိမ်းဆက်ခံကြသည်။ လွတ်လပ် ရေးကို မြတ်နိုးစွာ ကာကွယ်ကြသည်။ နိုင်ငံတည်ဆောက်ရေး တာဝန်ကို ကျေပွန်ကြသည်။ အမျိုးအနွယ်ဇာတိကို တန်ဖိုးကြီးစွာ ထိန်းသိမ်းကြသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိမာန်များရှင်သန်ထက်မြက်လျက် ရှိကြသည်။ ထို့ကြောင့် မြန်မာအမျိုးကောင်းသမီးများ ဖြစ်ကြသကဲ့သို့ မြန်မာအမျိုးသမီးကောင်းများလည်း ဖြစ်ကြသည်။ ဤသည်မှာ အစဉ် အလာကောင်းသည့် မြန်မာအမျိုးသမီးတို့၏ သမိုင်းကြောင်း အမွေဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ယင်းသမိုင်း ကြောင်းအမွေကို ကမ္ဘာတည်သရွေ့ ရှင်သန်ထက်မြက်နေစေရန် မြန်မာ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း ရည်ညွှန်းပြီး ၂၀၀၇ခုနှစ် မြန်မာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ရေးသားအပ်ပါသည်။ ။

*** ကျောဖုံးမှ**

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း နာယကအဖွဲ့ဝင်များ၊ အသင်း ဥက္ကဋ္ဌဦးတင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ၂၀၀၇ ခုနှစ် ဇွန်၂၉ရက်နေ့သည် မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကို ၁၉၄၉ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၆၂ခုနှစ် နောက်ပိုင်းတွင်အသင်း၏ ဖွဲ့စည်းဆောင်ရွက်မှုများ ရပ်ဆိုင်းထားခဲ့ကြောင်း၊ ၁၉၈၉ ခုနှစ် မေ၄ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ(၂၆)အရ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၁၉၉၅-၉၆ ခုနှစ်အထိ တစ်နှစ်တစ်ကြိမ် ညီလာခံခေါ်ယူခြင်းနှင့် နှစ်နှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးများကို ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၆ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာများဖြင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း။

လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးထား

မြန်မာနိုင်ငံသည် သီးနှံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေသဘာဝနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားအများစုမှာ စိုက်ပျိုးရေးကို ဘိုးစဉ်ဘောင်ဆက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှလည်း စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေး ဦးတည်ချက်ချမှတ်ကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းလာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် အဓိကသီးနှံဖြစ်သည့် ဆန်စပါးထုတ်လုပ်မှုအပိုင်းတွင် ပြည်တွင်း၌ ဖူဖူလုံလုံ စားသုံးနိုင်ရုံသာမက ပိုလျှံနေအောင်စီမံလျက်ရှိကြောင်း၊စပါးအထွက်နှုန်း တိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်ခဲ့ရာ၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စပါးတင်း ၁၃၂၆သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ၅၆သန်းခန့်သာရှိသော်လည်း နိုင်ငံတော် အကြီးအကဲအနေနှင့် လူဦးရေ သန်း၁၀၀ ဖူလုံစွာ စားသုံးနိုင်အောင် စိုက်ပျိုးကြရန် လမ်းညွှန်ထားပြီး ဖြစ်ကြောင်း၊ တင်းသန်း၁၅၀၀ကျော် ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီ ပြည့်မီကျော်လွန်မှာ ဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံတော်အပိုင်းက စိုက်ပျိုးထုတ်လုပ်ရေးကို တွန်းအားပေး ဆောင်ရွက်ပေးထားသကဲ့သို့ ကုန်သွယ်မှုအပိုင်းတွင်လည်း ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ လိုက်လျောညီထွေစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၀၃ခုနှစ် ဧပြီ၂၃ ရက်နေ့တွင် မြန်မာ့ဆန်စပါးရောင်းဝယ်ရေး မူဝါဒသစ်ကို ပြဋ္ဌာန်းကာ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားပြီးဖြစ်ကြောင်း။

အရည်အသွေးပြည့်မီရန်လို

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကနေ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည့်အတွက် စပါးပိုလျှံလာသည်နှင့်အမျှ ပြည်ပကို တင်ပို့ရောင်းချနိုင်သည့်အခွင့်အရေးရရှိမှာဖြစ်ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချရာတွင် အရည်အသွေးပြည့်မီသည့် ဆန်ကြိတ်ခွဲနိုင်ရန် လိုအပ်မှာဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများထဲက ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသည် ဆန်ကို နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံများဖြစ်သည်ဆိုသည်ကို ကြွရောက်လာကြသည့် လူကြီးမင်းများအသိပင် ဖြစ်ကြောင်း၊ ယင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ပြီး ပြည်ပတင်ပို့ခွင့်ရဖို့ဆိုလျှင် မိမိနိုင်ငံက တင်ပို့သည့် ဆန်သည် အရည်အသွေးပြည့်မီနေရန် လိုအပ်မှာ ဖြစ်ကြောင်း။

ဆန်ကြိတ်ခွဲရာတွင် အရည်အသွေးပြည့်မီရန် အဓိက လိုအပ်ချက်မှာ စပါးစနစ်တကျ သိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် ဆန်စက်များ အရည်အသွေးကောင်းမွန်ရန် ဖြစ်ကြောင်း၊ စပါးကို မကြိတ်ခွဲမီ စိုက်ကွင်းများမှနေ သိုလှောင်နေရာသို့ရောက်ရှိပြီး စနစ်တကျ ထိန်းသိမ်းထားရှိမှုသည်လည်း အရေးကြီးသည်ဆိုသည်ကို ဆန်စက်ပိုင်ရှင်ကြီးများအားလုံး အသိပင် ဖြစ်ကြောင်း၊ သိုလှောင်ထိန်းသိမ်းမှု နည်းစနစ်မမှန်ပါက ဆန်ထွက်ရှိမှုတွင် အလေအလွင့်ဖြစ်မှုများ ရှိလာနိုင်သကဲ့သို့ ဆန်အရည်အသွေးကိုလည်း ကျဆင်းစေမှာ ဖြစ်ကြောင်း၊ အလားတူ ဆန်စက်များအမျိုးအစားနှင့် အရည်အသွေး မြင့်မားပါမှ ထွက်ရှိသည့် ဆန်သည်လည်း အလေအလွင့်နည်းပါးပြီး အရည်အသွေးပြည့်မီသည့် ပြည်ပပို့ဆန်များ ရရှိမှာဖြစ်ကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးသည် Quality နှင့် Quantity တွင် Quality ကိုသာ ဦးစားပေးဝယ်ယူကြသည်ကို တွေ့ရမှာ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သီးနှံစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းသော်လည်း ကုန်ချောထုတ်လုပ်မှုအပိုင်းတွင် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လိုက်လျှင် အချို့အပိုင်းများတွင် လိုအပ်ချက်များရှိနေပါသေးကြောင်း၊ မိမိနိုင်ငံ ပြည်ပပို့ကုန်များသည် အခြားနိုင်ငံများက ပို့ကုန်များထက် ပိုပြီးအရည်အသွေးမြင့်မားနေရန် လိုမှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဖို့ဆိုလျှင် အရည်အသွေးပြည့်မီသည့် ဆန်များထွက်ရှိအောင်၊ ကြိတ်ခွဲနိုင်သည့်ဆန်စက်များဖြစ်အောင် လုပ်ဆောင်ကြရန်လိုကြောင်း မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်နှင့်အညီ ဘက်စုံ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည့်အတွက် အသိအမှတ်ပြုကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံဆန်စက်ပိုင်ရှင်များ အသင်းအနေဖြင့်

- **စပါးကြိတ်ခွဲ ခြင်းမပြုမီ သိုလှောင်ထိန်းသိမ်းမှုကို နည်းစနစ်မှန်ကန်စွာ ကျင့်သုံးဆောင်ရွက်ကြပါ၊**
- **ပြည်ပ တင်ပို့နိုင်သည့် အရည်အသွေးမီဆန်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပါ၊**
- **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် တီထွင်ထုတ်လုပ်မှုလုပ်ငန်းများ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြပါ၊**
- **ကုန်ဈေးနှုန်း ထိန်းသိမ်းရေးတွင် ဆန်စက်လုပ်ငန်းရှင်များ အသင်းအနေနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

အတည်ပြုချက်ရယူ

ထို့နောက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို အခမ်းအနားမှူးက ဖတ်ကြားတင်သွင်းပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသင်းသားများထံမှ ဆန္ဒသဘောထားရယူကာ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း(၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းကလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို အသင်းဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးကလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို အသင်း ဒုတိယဥက္ကဋ္ဌဦးထွေးကလည်းကောင်းအသီးသီး ပေးအပ် လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံကြသည်။

မှတ်တမ်းတင်

ဆက်လက်၍ နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး ကျင်းပရေးကော်မတီသို့ ဆန်စက်လုပ်ငန်းရှင်များနှင့် အလှူရှင်စုစုပေါင်း ၂၇ဦးတို့က ငွေကျပ် ၆၀၅၀၀၀၀ ထည့်ဝင်လှူဒါန်းခြင်းကို မှတ်တမ်းတင်ကြေညာသည်။

ယင်းနောက် ၂၀၀၅-၂၀၀၇ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့ နုတ်ထွက်ကြောင်းကို အခမ်းအနားမှူးက ကြေညာသည်။

ဖတ်ကြားကြေညာ

ထို့နောက် ၂၀၀၇-၂၀၀၉ခုနှစ်အတွက် နာယကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ဦးသောင်းဝင်းတို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၏ အမည်စာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ဖတ်ကြားကြေညာသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ အသင်းသား စုံညီ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အဆိုပါအခမ်းအနားမစတင်မီ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဧည့်သည်တော်များသည် အသင်းချုပ်အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သောင်းဝင်းစက်မှုလက်မှု၏ ခေတ်မီဆန်စက်နှင့် လယ်ယာသုံးပစ္စည်း စက်ရုံမှ ထုတ်လုပ်သည့် စပါးတင်း ၁၀၀-၁၅၀ကို အခြောက်ခံနိုင်သော စပါးအခြောက်ခံစက်၊ T&D ကုမ္ပဏီ၏ ဒီဂျစ်တယ်ကတ္တား၊ Ever Flow River Manufacturing Co., Ltd. မှ ထုတ်လုပ်သည့် ဆန်စက်ရော်ဘာကြိတ်လုံးများ၊ Pioneer ရိတ်သိမ်းချိန်လွန် နည်းပညာဖွံ့ဖြိုးရေးအဖွဲ့၏ ဗီယက်နမ်ပုံစံ စပါးလေးတန်ကျ အခြောက်ခံကိရိယာ၊ ဦးစိန်ဝင်းနှင့်ညီများ၏ ပြည်တွင်းဖြစ် ဆန်စက်အပိုပစ္စည်းနှင့် စက်ပစ္စည်းများ၊ မောင်ကျော်ဝင်း ဆန်စက်အပိုပစ္စည်းနှင့် ဘောလ်ဘယ်ရင် ရောင်းဝယ်ရေးလုပ်ငန်း၏ ဆန်စက်အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ Golden Hawks International Ltd. မှ ပထမဦးဆုံး တင်သွင်းဖြန့်ဖြူးသော Fuji Spray နှင့် အမဲဆီများ၊ AXCL ၏ ယူအေအီးနိုင်ငံမှ တိုက်ရိုက်တင်သွင်းသော အက်ဆဲ(လ်) စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်၊ ဓာတ်ဆီ အင်ဂျင်သုံး ယာဉ်အမျိုးမျိုးနှင့် CNGယာဉ်များတွင် အသုံးပြုနိုင်သည့် Bayrol Motor Oilအရောင်းပြခန်း တို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ညစာစားပွဲတည်ခင်း

ညပိုင်းတွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးတင်ဝင်းက အသင်းချုပ် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

(သတင်းစဉ်)

သတင်းဝေဝေဆာဆာဖြင့် ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၃၀

အဆိုပါ ရွှေနိုင်ငံသတင်းဂျာနယ် **(ယာပုံ)**တွင် ဒေါက်တာခင်မောင်ညို၏ ကျွန်တော်တို့ရဲ့အမွေ၊ မြတ်ခိုင်၏ ၁၄ရက် အတွင်း အကြိုက်ဆုံးသတင်းများ၊ ဆက်နောင်၏ ဆန်းသစ်ဖန်တီး မြန်မာမှုအနုရုပ်လုံးကြွစသည့် ဆောင်းပါးများအပြင် ပုဂံရွှေနန်းတော်ကြီး အမြန်ပြီးစီးရေး ကြိုးပမ်း၊ တရုတ်-မြန်မာချစ်ကြည်ရေး ကြူကုတ်-ဝမ်တိန် တံတား၊ ကလေး စက်မှုဇုန်မှ ဂျစ်အမျိုးမျိုးနှင့် စပါးခွံ ဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေးစက်များ ထုတ်လုပ်၊ ဘက်ပေါင်းစုံ အကျိုးထူးမည့် ဇောဓိတစ်ထောင်၊ ဖူးရှာရေလှောင်တမံ စီမံကိန်းနှင့် ကြီးအုံ ကြီးဝ ဘက်စုံရေလှောင် တမံစီမံကိန်း မှရရှိမည့် ရေအားလျှပ်စစ်၊ ပိုင်ကျုံတံတားဖွင့်ပြီ၊ ကုန်စည်ပို့ဆောင်ရေး၊ သွားလာရေးနှင့် သောက်သုံးရေအတွက် ပိုမိုအဆင်ပြေသည့် ငမိုးရိပ်တံတား(ကမာကြည်)၊ တစ်ရက်တန် ၅၀၀ကျ သဘာဝပိုဗိုလန်စက်ရုံ ပုပ္ပားဒေသ၌ ထပ်မံတည်ဆောက်မည်၊ ဟိုတယ်(၁၀)လုံး အာဆီယံဆုရွေးချယ်ခြင်းခံရ၊ တစ်နိုင်တစ်ပိုင် ဘိုင်အိုဒီဇယ်ထုတ်စက် ထုတ်လုပ်၊ နယ်စပ်ကုန်သွယ်ရေး ချင်းရွှေဟော်နှင့် တမူးစခန်းတိုးတက်၊ ကြခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်မှု အရှိန်မြင့်၊ အလုံသင်္ဘောကျင်း၊ တည်ဆောက်မှု အားကောင်း၊ ရခိုင်ပြည်နယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုထုတ်လုပ်ရန် ဆောင်ရွက်နေ၊ အီရန်အပေါ် စစ်ရေးအရ အရေးယူမှုမပြုရန် နျူကလီးယား စောင့်ကြည့်ရေး အဖွဲ့သတိပေး၊ အမေရိကန်နှင့် အိန္ဒိယ နျူကလီးယား ဆွေးနွေးပွဲ ပျက်ပြား၊ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရုရှားဖြတ်တောက်မည်၊ အမေရိကန်မှ ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရန် အိန္ဒိယချဉ်းကပ်၊ လာမည့်၂၀၂၀ တွင် တရုတ်ပြည်သည် ကုန်ထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံ ဖြစ်လာတော့မည် စသည့် ပြည်တွင်းနှင့်ပြည်ပ သတင်းစုံစုံလင်လင် ဓာတ်ပုံဝေဝေဆာဆာပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်ရေး လုပ်ငန်းရှင်များနှင့်ဆွေးနွေး

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇွန်၂၉ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆောင်ရွက်

အခမ်းအနား၌ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင်နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်များ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများ၊ဝန်ဆောင်မှုလုပ်ငန်းများစသည့်လုပ်ငန်းများအတွက် ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ၊ အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်ထက်မြက်စွာ ဆောင်ရွက် ပေးလျက်ရှိသည့် အခြေအနေများ၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအသုံးပြုပြီး လျင်မြန်မှန်ကန်စွာ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊စီးပွားရေး လုပ်ငန်း သဘော သဘာဝအလိုက် သက်သာခွင့်ရရှိနိုင်ခြင်း၊ အထူးအခွင့်အရေးရရှိနိုင်ခြင်း အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုသည့် အချက်များ၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုသက်ရောက်ထက်မြက်စေရန် လိုအပ်သည့်အချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးမေးမြန်းကြစေလိုကြောင်းပြောကြားသည်။

အကျယ်တဝင့်ရှင်းလင်း

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ဘဏ္ဍာနှစ်အလိုက် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အခြေအနေများ၊ ကဏ္ဍအလိုက် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများစသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ လေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ဆိပ်ကမ်းများ၌ ကုန်သေတ္တာများရှင်းလင်းထုတ်ယူရာတွင် လျင်မြန်သွက်လက်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဘဏ်နှင့်ငွေရေးကြေးရေး ဆိုင်ရာကိစ္စရပ်များ၊ အခွန်စီမံခန့်ခွဲ ရေးဆိုင်ရာကိစ္စရပ်များ စီမံဆောင်ရွက်ထားသော အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည့် အချက်များ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုထိရောက်ထက်မြက်စေရေးအတွက် လိုအပ်သည့် အကြံပြုချက်များ အသီးသီးဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စီးပွားရေးလုပ်ငန်းရှင်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် အသီးသီးရှင်းလင်းပြောကြားသည်။

ကူညီသွားမည်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြင့်မားစေရန် လိုအပ်သည်များကို အပြန်အလှန် တွေ့ဆုံဆွေးနွေးပြီးဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများသည် ပိုမိုဖွံ့ဖြိုးစည်ပင်လာမည်ဟု ယုံကြည်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ထိရောက်ထက်မြက်သော လုပ်အား၊ မှန်ကန်သောကြိုးစားမှုများဖြင့် ဆောင်ရွက်ကြမည်ဖြစ်သကဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများကလည်းရိုးဖြောင့်မှန်ကန်မှု၊ တာဝန်သိမှုတို့ဖြင့် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအတိုင်း စိတ်စေတနာကောင်းများဖြင့် အပြည့်အဝကူညီသွားမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေး၊ ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၃၀

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန်၂၉ရက် ညနေ ၄နာရီက ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အိုလံပစ်နေ့ မြားပစ်ပြိုင်ပွဲ အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ အမျိုးသမီးCompound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲ၊ လူသစ်တန်း Recurve အမျိုးသားနှင့် အမျိုးသမီး တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲများ ကျင်းပသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက လူသစ်တန်း Recurve အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသမီး Compound ပြိုင်ပွဲ ဆုရရှိသူများကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမျိုးသား Recurve ပြိုင်ပွဲနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသား Compound ပြိုင်ပွဲ ဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပထမဆုရ Compound အသင်းနှင့် အတိုးတက်ဆုံးအားကစားသမားဆုရ နေမျိုးအောင်နှင့် ကျော်ချမ်းငြိမ်း၊ အကောင်းဆုံး အားကစားသမားဆုရ ရဲမင်းဆွေနှင့် ဇော်ဝင်းထိုက် **(ယာပုံ)**တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြီးခဲ့သည့် ဖိလစ်ပိုင်ဆီးဂိမ်းတွင် Recurve တစ်ဦးချင်း၌ ရွှေတံဆိပ်ရရှိခဲ့သည့် (၁၀၅)မှတ်ကို ၎င်းကိုယ်တိုင် (၁၀၇) မှတ်ဖြင့် စံချိန်ချိုးခဲ့သည့် ဇော်ဝင်းထိုက်၊ ဖိလစ်ပိုင်ဆီးဂိမ်းတွင် အမျိုးသား Compound တစ်ဦးချင်း၌ (၁၁၂) မှတ်ဖြင့် ရွှေတံဆိပ်ရရှိခဲ့သော ဖိလစ်ပိုင် ကစားသမား၏ စံချိန်ကို (၁၁၄) မှတ်ဖြင့် ပစ်ခတ်နိုင်ခဲ့သည့် ရဲမင်းဆွေတို့အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သောင်း စီနှင့် မြန်မာ့လက်ရွေးစင် မြားပစ်ကစားသမားများကို စံချိန် တိုးတက်အောင် သင်ကြားပေးနိုင်ခဲ့သော ကိုရီးယားနည်းပြ Mr. Jin Su Ho အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခဲ့သည်။

(မြန်မာ့အလင်း)

၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဂျူဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဗိုလ်လုပွဲများအပြီး ဆုရရှိကြသည့် အားကစားသမားများ ကွင်းအတွင်း နေရာယူပြီးနောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အမှုဆောင် ဒုတိယဗိုလ်မှူးကြီးစောရွှေက အုပ်စု(၆)တွင် အနိုင်ရရှိကြသည့် အားကစားသမားများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က အုပ်စု(၅)တွင် အနိုင်ရရှိကြသည့် အားကစားသမားများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အုပ်စု(၄)တွင် အနိုင်ရရှိသည့် အားကစားသမားများကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အုပ်စု(၃)ပြိုင်ပွဲတွင် အနိုင်ရရှိကြသည့် အားကစားသမားများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အုပ်စု(၂) ပြိုင်ပွဲတွင် အနိုင်ရရှိကြသည့် အားကစားသမားများကိုလည်းကောင်း၊ ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အုပ်စု(၁) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စောမိုင်းစံ၊ ဒုတိယဆုရ အောင်ထွန်းကျော်နှင့် တတိယဆုရ ရှိန်းဗိုလ်ဗိုလ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

တစ်ချက်ကောင်း

ယင်းနောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဦးထွန်းထွန်းက ပွဲစဉ်တစ်ပွဲချင်း အီးပွန်း(တစ်ချက်ကောင်း)ဖြင့် အနိုင်ရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိပညာပေး၊ ကွင်းဆင်းရောဂါရှာဖွေကုသ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ခေါင်းဆောင်သော အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ ဇွန် ၂၄ရက်က သွားရောက်ကြပြီး ကျန်းမာရေး အသိပညာပေးရခြင်း အကြောင်းအရင်း၊ လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီး မျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကို အသိပညာပေးဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်က ငွေကျပ်တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ သားဖွားခန်းသုံးဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

အပြန်အလှန်ဆွေးနွေး

ထို့နောက် အဆိုပါအသင်းပိုင် သားဖွားခန်းကို အခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင်အမျိုးသမီး ၇၄ဦးတို့အား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ PMCTစီမံချက်အရမိခင်မှ သန္ဓေသားသို့ HIVရောဂါပိုးကူးစက်မှု တားဆီးကာကွယ်ကုသမှုပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းမှ သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၂၁ဦးတို့အား သားအိမ်ခေါင်းကင်ဆာ ကြိုတင်သိရှိကာကွယ်ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊အမျိုးသမီးအားလုံးအားရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများအား သက်ဆိုင်ရာဆေးရုံများသို့ ညွှန်ပို့ပေးခြင်းနှင့် အမျိုးသား၁၅၈ဦးတို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ပြီး ကွန်ဒုံး၇၂၀ကို ပေးဝေခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦး ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် သားဖွားခန်းသုံးဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။

(မိခင်/ကလေး)

အိုလံပစ်နေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း အထူးတန်းအောက်ထပ်ရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်များက ဆုရရှိကြသော ကရာတေးဒိုအားကစားမောင်မယ်များအား ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသော ကျော်ညွန့်လင်း(ကုက္ကိုင်း)နှင့် Tsuroshi Izaki (အောင်ဆန်း ကရာတေးဒိုလေ့ကျင့်ရေးစခန်း) တို့အား လည်းကောင်း၊ ပြိုင်ပွဲ အတိုးတက်ဆုံး အားကစားသမားဆုရရှိသော မင်းသီဟအောင်(အောင်ဆန်းကရာတေးဒိုလေ့ကျင့်ရေးစခန်း)အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အပေါ်ပုံ)** က အမျိုးသား တစ်ဦးချင်း ခတပြိုင်ပွဲတွင် ပထမရရှိသော ပိုင်ထူးကျော်၊ ဒုတိယရရှိသောကျော်တင့်လွင်၊ ပူးတွဲတတိယရရှိကြသော ဉာဏ်တင့်လွင်နှင့် ကျော်သန်း (အားလုံး အောင်ဆန်း ကရာတေးဒိုလေ့ကျင့်ရေးစခန်း) တို့အား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိတော့ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားကိုးမှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၁၉ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၃၀

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးစိုးမြင့်၊ ဦးတင်မြင့်၊ ဦးကံမြင့်တို့အပါအဝင် ပါတီဝင် ၁၉ဦးတို့သည် ဇွန်၂၂ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ်တွင်လည်း ယုံကြည်အားကိုးမှုမရှိတော့သဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဘွဲ့နှင့် ဒီပလိုမာရ ကျောင်းသားများ၊ မိဘများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ **“နယ်စပ်ဒေသများမှာ လိုအပ်နေတဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ ပေါ်ထွန်းလာစေဖို့နဲ့ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မယ့် အဆင့်မြင့်ပညာ တတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေဖို့”** ဆိုသည့် ရည်မှန်းချက်များဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာတွင် ယခုဆိုလျှင် ရန်ကုန် ဒီဂရီကောလိပ်၏ ဆဋ္ဌမအကြိမ်မြောက် ကျောင်းဆင်းပွဲ ကျင်းပနိုင်သည့်အခြေအနေရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

လေ့လာဆည်းပူး

ယနေ့ သင်တန်းအောင်မြင်ပြီးဆုံး၍ ဘွဲ့၊ ဒီပလိုမာရရှိလာကြပြီဖြစ်သည့် သင်တန်းသားများအနေဖြင့် မကြာမီသော ကာလတွင် မိမိတို့ဇာတိရပ်ရွာဖြစ်သောနယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး တာဝန်များကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထူးချွန်စွာ အောင်မြင်ကြ၍ အဆင့်မြင့်ဘွဲ့၊ ဒီဂရီများ ဆက်လက်လေ့လာဆည်းပူးကြရမည့်သင်တန်းသားများသည်လည်း သင်ယူလေ့လာမှု တာဝန်များပြီးဆုံးသည့် တစ်နေ့တွင် နယ်စပ်ဒေသများ၌ ပြန်လည်ပြီး တာဝန်ထမ်းဆောင်ကြရမည်ပင်ဖြစ်ကြောင်း။

ယင်းသို့ နယ်စပ်ဒေသများကို ပြန်လည်ရောက်ရှိပြီး စီမံခန့်ခွဲသူ အဆင့်ဖြင့် ဒေသ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ကြသည့်အခါတွင် အမိကောလိပ် ကျောင်းတော်ကြီး၏ ထူးခြားမွန်မြတ်သော ရည်မှန်းချက်များ၊ နိုင်ငံတော်က မိမိတို့အပေါ်ထားရှိသည့် မျှော်မှန်းချက်များကို ရှင်းလင်းပြတ်သားစွာ နားလည်ခံယူပြီး ယင်းရည်မှန်းချက်၊ မျှော်မှန်းချက်များ ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှ နည်းစေပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စနစ်တကျ အကွက်ချ ချမှတ်ပြီး အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

မြှင့်တင်ပေးနိုင်

နယ်မြေဒေသအသီးသီး၏ ရာသီဥတုနှင့် ရေမြေသဘာဝ အခြေအနေ၊ သယံဇာတ ပြည့်စုံကြွယ်ဝမှု အခြေအနေ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ မတူညီနိုင်မှုကြောင့် ဒေသများအားလုံး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲမှ ကယန်းတိုင်းရင်းသား မောင်ဝေယံလင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ပြေးညီ တစ်ပြိုင်နက် ဖွံ့ဖြိုးတိုးတက်စေရန်ဆိုသည်မှာ ခက်ခဲလှသော်လည်း ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများအတွက် သီးခြားဖွံ့ဖြိုးရေးအစီအမံများ၊ ဒေသအလိုက် ဖွံ့ဖြိုးမှု အရှိန်အဟုန်ကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် သီးသန့်အစီအစဉ်များ ဖန်တီးဖော်ဆောင်ပေးရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဒေသနှင့် တစ်ဒေသ အပြန်အလှန် ဖေးမကူညီပြီး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ တဖြည်းဖြည်း ကျဉ်းမြောင်းပပျောက်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသများသည် ခေတ်အဆက်ဆက်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေခံများ တည်ဆောက်ပေးနိုင်ခြင်း မရှိခဲ့ခြင်းကြောင့် ဖွံ့ဖြိုးမှု မညီမမျှ ဖြစ်လာရခြင်းများ၊ ဆင်းရဲချမ်းသာ ကွာဟချက် ကြီးမားကျယ်ပြန့်လာခဲ့ရခြင်းများ စသည့် အနိဋ္ဌာရုံ ဆိုးကျိုးများ ဖြစ်ပေါ်အမြစ်တွယ်လာခဲ့ရကြောင်း၊ အကျိုးဆက်အနေဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်များ ပွားများလာစေအောင် တိုင်းတစ်ပါးသားများ၊ တိုင်းတစ်ပါး လက်ဝေခံမျိုးဖျက်များ ဝင်ရောက်သွေးထိုးပေးနိုင်သည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် မိမိတို့ တပ်မတော်အစိုးရ လက်ထက်တွင် ဤသမိုင်းသင်ခန်းစာများကိုရယူ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက် ခိုင်မာလာစေရအောင် ပြန်လည်တည်ဆောက်ရင်း နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို နိုင်ငံတော်အဆင့်ဖြင့် ဦးစီးဦးဆောင်ပြု ကြိုးပမ်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၀၇ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၀၇)တွင် အမှာစကားပြောကြားရာ၌ **“နယ်စပ်ဒေသများနဲ့ အတွင်းပိုင်းဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ ကွာဟနေမှုများ လျော့နည်းကျဆင်းအောင် တည်ဆောက်မှုလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်ပေးခဲ့တယ်၊ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးရဲ့ နယ်မြေအားလုံးအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ်ဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုရရှိလာပြီး တိုင်းရင်းသားလူမျိုးများ အချင်းချင်း စည်းလုံးညီညွတ်ရေးဟာလဲ အတိုင်းအတာတစ်ရပ်အထိ အခြေခိုင်မာလာနေပြီဖြစ်တယ်”**ဟု ထည့်သွင်းမိန့်ကြားခဲ့ကြောင်း။

တိုးတက်ကောင်းမွန်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအမံများ ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသနေ ကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာစေရအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများ ပညာရည်မြင့်မားပြီး အသိအမြင်ကြွယ်ဝမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံခိုင်မာပြီး ရေရှည်ခိုင်ခံ့မည်ဆိုသည့် ခံယူချက်ဖြင့် နယ်စပ်ဒေသ၏ ပညာရေးအခြေခံများ တိုးတက်ကောင်းမွန်ရေးအတွက်အလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲမှ ကယန်းတိုင်းရင်းသား မောင်ဝေယံလင်း။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် ပလက်ဝမြို့မှ ချင်းတိုင်းရင်းသား မောင်ဆလိုင်းသန့်ဇင်မျိုးမြင့်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အင်ဂျင်နီယာထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ငွေးလွင်ဦး။ (သတင်းစဉ်)

ထို့ကြောင့် ၁၉၈၉ခုနှစ်မှစတင်ပြီး ယနေ့အထိ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၀၈၃၀၀ ကျော် ကျခံဆောင်ရွက်ပေးခဲ့ရာတွင် ပညာရေးကဏ္ဍအတွက် ကျပ်သန်းပေါင်း ၈၅၀၀ကျော် ကျခံ သုံးစွဲပြီးဖြစ်ကြောင်း။

ပြုပြင်ပေး

နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအမံများအနေဖြင့် ပညာရေးကဏ္ဍတွင် နိုင်ငံတော်က မူလတန်းကျောင်း၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း၉၀ နှင့် အထက်တန်းကျောင်း ၉၂ကျောင်း ဆောက်လုပ်ပေးပြီးဖြစ်သည့် အပြင် UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကျောင်းပေါင်း ၅၀၇ကျောင်း ဆောက်လုပ်ပြီး ကျောင်းပေါင်း၅၉၈ ကျောင်းကို ပြုပြင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသည့် တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၇ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း။

တည်ဆောက်ပေးခဲ့

ယနေ့အချိန်အခါကဲ့သို့ နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာချိန်တွင် ရရှိဖြစ်ထွန်းနေသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စွမ်းရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နယ်စပ်ဒေသလူငယ်များအတွင်းမှ ဖြစ်ထွန်းလာစေရေးအတွက် ၂၀၀၀ပြည့်နှစ်မှစပြီး ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်နှစ်ခုကို ဖွင့်လှစ်တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ကောလိပ်နှစ်ခုမှ ဘွဲ့ရ တိုင်းရင်းသားလူငယ် ၅၇၄ဦးတို့သည် မိမိတို့၏ ဇာတိဒေသများဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သကဲ့သို့ အချို့ကျောင်းသားများကလည်း မဟာတန်းများကို ဆက်လက် ဆည်းပူးနေကြပြီဖြစ်ကြောင်း၊ ယခု ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင်လည်း ရန်ကုန်ဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၇၁ဦး၊ အေဂျီတီအိုင် ဒီပလိုမာရရှိသူ၁၈ဦး၊ မန္တလေးဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ၁၁၂ဦးနှင့် အေဂျီတီအိုင်ဒီပလိုမာရရှိသူ ၁၈ဦး စုစုပေါင်းသင်တန်းဆင်းကျောင်းသား၂၀၉ဦး မွေးထုတ်နိုင်ခဲ့သည်ဟု သိရကြောင်း။

မျက်မှောက်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ခေတ်နှင့်အညီ ထွန်းကားပြန့်ပွားစေရန်နှင့် မျိုးဆက်သစ်လူငယ်များကို ခေတ်မီနည်းပညာများ အသုံးပြုလေ့ကျင့် ပျိုးထောင်ပေးနိုင်စေရန် အလွန်အရေးပါလှသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်များကို ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်ပြီး စွမ်းဆောင်ရည် ထက်မြက်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတွက် ကြွင်းကျန်မနေစေရအောင် သီးခြားအစီအမံများ စီမံဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၀၂)တွင် **“တိုင်းရင်းသားလူမျိုးများ အားလုံး အသိအမြင်၊အတွေးအခေါ်၊ အယူအဆတို့ တစ်သားတည်းဖြစ်စေပြီး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိစေရအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုတိုးပွားထွန်းကားလာမှာဖြစ်တယ်။ စာသင်ကျောင်းများ၊ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပြီး တိုင်းရင်းသားလူမျိုးများရဲ့ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကိုလဲ အလေးထား ဆောင်ရွက်ပေးသွားရမှာ ဖြစ်တယ်။ မိမိတို့လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဒေသအတွင်း လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ဖြင့် ပညာတတ်လူငယ်များ ပိုမိုတိုးပွားလာအောင်၊ ပညာကို လိုလားမြတ်နိုးစွာ သင်ယူလိုတဲ့ စိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးနေအောင် စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်တယ်”** ဟု လမ်းညွှန်မိန့်ကြားထားပြီးဖြစ်ကြောင်း။

ယနေ့ အခြေအနေကိုကြည့်လျှင် တိုင်းရင်းသား ပြည်သူအားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေသည်မှာ အလေ့အကျင့်ကောင်း၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် နယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများသည်လည်း တစ်နှစ်ထက် တစ်နှစ် မှန်မှန် တိုးတက်မြင့်မားလာနေခြင်းကြောင့် အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနေရပြီလည်း ဖြစ်ကြောင်း။

ရည်မှန်းချက်ရှိရှိ

ယင်းသို့ အခြေအနေ အချိန်အခါကောင်းတွင် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ယနေ့ကျောင်းဆင်းကြပြီး မိမိတို့ဒေသ၏ တည်ဆောက်ရေး၊ စီမံခန့်ခွဲရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ကြရမည့် တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ ညီညီညွတ်ညွတ် လက်တွဲပြီး ဒေသအကျိုး၊ နိုင်ငံအကျိုး၊ လူမျိုးအကျိုးအတွက် ရည်မှန်းချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့ တာဝန်ကျရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသခံတိုင်းရင်းသားလူမျိုးများအားလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေပြီး ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီးလည်း အစဉ်ထာဝရ တည်တံ့ခိုင်ခံ့စေမည် ဆိုသည့် ခံယူချက်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဝိဇ္ဇာဘာသာထူးချွန်ဆုရ ချင်းပြည်နယ် ပလက်ဝမြို့မှ ချင်းတိုင်းရင်းသား မောင်ဆလိုင်းသန့်ဇင်မျိုးမြင့်၊ သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဗြဲမှ ကယန်းတိုင်းရင်းသား မောင်ဝေယံလင်းနှင့် အင်ဂျင်နီယာထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ မွန်တိုင်းရင်းသား မောင်ငွေးလွင်ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင့် ဒီပလိုမာရ ကျောင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့ ၂၉ဦး၊ သိပ္ပံဘွဲ့ ၄၂ဦးနှင့် အေဂျီတီအိုင် ဒီပလိုမာ ၁၈ဦး စုစုပေါင်း ၈၉ဦးတို့ဖြစ်ကြသည်။

ယင်းတို့အနက် ဝိဇ္ဇာဘွဲ့ ရရှိကြသော ကျောင်းသားများမှာ ကချင်တိုင်းရင်းသားတစ်ဦး၊ ကယားတိုင်းရင်းသားနှစ်ဦး၊ ကယန်းတိုင်းရင်းသား ငါးဦး၊ ကရင်တိုင်းရင်းသား လေးဦး၊ ချင်းတိုင်းရင်းသား ငါးဦး၊ ခမီ တိုင်းရင်းသား တစ်ဦး၊ ပလောင်တိုင်းရင်းသား တစ်ဦး၊ ပဒေါင်တိုင်းရင်းသား နှစ်ဦး၊ ပအိုဝ်းတိုင်းရင်းသားသုံးဦး၊ မွန်တိုင်းရင်းသားတစ်ဦး၊ ရှမ်းတိုင်းရင်းသားသုံးဦးနှင့် အင်းသားတိုင်းရင်းသား တစ်ဦး စုစုပေါင်း ဝိဇ္ဇာဘွဲ့ရ ၂၉ဦးတို့ ဖြစ်ပြီး သိပ္ပံဘွဲ့ ရရှိကြသူများမှာ ကယားတိုင်းရင်းသားတစ်ဦး၊ ကယန်းတိုင်းရင်းသားခုနစ်ဦး၊ ကရင်တိုင်းရင်းသား သုံးဦး၊ ချင်းတိုင်းရင်းသား ရှစ်ဦး၊ ခမီတိုင်းရင်းသားကိုးဦး၊ ဂေဘားတိုင်းရင်းသားတစ်ဦး၊ ဒိုင်းနက်တိုင်းရင်းသားတစ်ဦး၊ ပလောင်တိုင်းရင်းသားတစ်ဦး၊ ပအိုဝ်း တိုင်းရင်းသားတစ်ဦး၊ မွန်တိုင်းရင်းသား တစ်ဦး၊ ရခိုင်တိုင်းရင်းသား တစ်ဦး၊ ရှမ်းတိုင်းရင်းသားငါးဦး၊ ရဝမ်တိုင်းရင်းသားတစ်ဦးနှင့် သက်တိုင်းရင်းသားနှစ်ဦး စုစုပေါင်းသိပ္ပံဘွဲ့ရ ၄၂ဦးတို့ဖြစ်ကြကာ အေဂျီတီအိုင် ဒီပလိုမာရရှိကြသူများမှာ ကယားတိုင်းရင်းသားတစ်ဦး၊ ကရင်တိုင်းရင်းသား သုံးဦး၊ တောင်သားတိုင်းရင်းသားတစ်ဦး၊ ဓနုတိုင်းရင်းသား တစ်ဦး၊ ပအိုဝ်းတိုင်းရင်းသား တစ်ဦး၊ မွန်တိုင်းရင်းသားခြောက်ဦး၊ ရခိုင်တိုင်းရင်းသားတစ်ဦး၊ ရှမ်းတိုင်းရင်းသား သုံးဦးနှင့် သက်တိုင်းရင်းသားတစ်ဦး စုစုပေါင်း အေဂျီတီအိုင် ဒီပလိုမာရ၁၈ဦးတို့ဖြစ်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်လှိုင်သာယာမြို့နယ်မှလေဘေးသင့် မိသားစုများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ လေဘေးသင့် အိမ်ထောင်စုများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါမြို့နယ်များ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ (အောက်ဝဲပုံ)

ထို့နောက် ဝန်ကြီးသည် လှိုင်သာယာမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် လှိုင်သာယာမြို့နယ်ရှိ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲတွင် နှစ်သိမ့်အားပေးစကားပြောကြားပြီး ဝန်ကြီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထောက်ပံ့

ရေးဦးစွာ ဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲတွင် နှစ်သိမ့်အားပေးစကားပြောကြားပြီး လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က လေဘေးသင့် မိသားစုများမှ သေဆုံးသူတစ်ဦးအား ထောက်ပံ့ငွေကျပ် တစ်သိန်းပေးအပ်ပြီး လေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၂၂၁၅၅၀ကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မအိသက်သက်ဆွေက မွေးနေ့အလှူအဖြစ် သွပ်ပြားဖိုး ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်ခွဲ့က သွပ်ပြားဖိုး ထောက်ပံ့ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လေဘေးသင့် အိမ်ထောင်စုများမှ မိသားစုဝင်တစ်ဦးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဇွန် ၃၀ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဖခင်ဦးတင်ဝင်း(Walter)အား ရည်စူး၍ ဇနီး ဒေါ်ခင်စန်းမြင့်၊ သားမောင်ဇော်ဝင်းသိန်း၊ သမီး မခိုင်ခင်ထွန်းတို့က မိုးညှင်းကျောင်းတိုက် စိန်တိုးနှစ်ထပ်ကျောင်းဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇွန် ၃၀

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်မြို့)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၁၉ရက်(အာဇာနည်နေ့)နံနက်၈နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်းတွင်တည်ရှိသော ဇေယျဝတီစာသင်တိုက်ကြီးရှိကျောင်းတိုက်ကြီး၁၇တိုက်မှ ပဓာန နာယကဆရာတော်ကြီး၁၇ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင် စိုက်ထူမည်ဖြစ်သည်။ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဒေါက်တာလှမောင် ဖုန်း-၅၃၇၅၀၇၊ ဦးတင်အောင် ဖုန်း-၀၉-၅၀-၁၂၁၄၁၊ ၅၂၆၇၃၅(အိမ်)၊ အတွင်းရေးမှူးဦးသန်းစိုး ဖုန်း-၃၇၆၆၈၅(ရုံး)၊ ၅၃၄၇၃၆ (အိမ်)၊ ၀၉-၅၁-၉၂၇၉၁၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇(အိမ်)နှင့် ဘဏ္ဍာရေးမှူး ဦးဖုန်းတင့် ဖုန်း-၀၉-၅၀၀-၉၈၅၇၊ ၂၂၄၆၅၉(အိမ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွေးနေ့အလှူတော် မင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၃၀

အမေရိကန်ပြည်ထောင်စုကယ်လီးဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ အောင်မင်္ဂလာကျောင်းနှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သယ်နီးကျွန်းကြီးရပ်ကွက် ကာယ ၁၂လမ်း ဇေယျမင်္ဂလာကျောင်းတိုက်တို့၏ ပဓာန နာယက ဆရာတော် ဦးအာစာရ(မြှာစရိယ M.A)သည် ၁၃၆၉ ခု ဒုတိယဝါဆိုလဆန်း ၁ ရက် (ဇူလိုင် ၁၅ရက်၊ တနင်္ဂနေ့နေ့)တွင် ဘုရင့်နောင်လမ်း အမှတ် ၅ ရပ်ကွက် ကျောက်ရေတွင်း သာသနာ့အောင်မြေကျောင်း၌ မွေးနေ့အလှူတော် မင်္ဂလာနှင့် အာစရိယပူဇော်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲတက်ရောက်

နေပြည်တော် ဇွန် ၃၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသော စွမ်းအင်ဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂) ဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။ ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇွန် ၃၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီး ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲပထမအဆင့်အုပ်စုပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း

နံနက် (၇)နာရီခွဲပွဲ

သတ္တုတွင်းဝန်ကြီး ဌာနအသင်း (၁၁) ဂိုး

ကျောနံပါတ်(၁၇) ရဲလွင် သုံးဂိုး၊ ကျောနံပါတ် (၁၅)ကျော်နိုင်ဝင်း နှစ်ဂိုး၊ ကျောနံပါတ် (၁၀)မိုးကျော်သူ နှစ်ဂိုး၊ ကျောနံပါတ် (၁၄) ခင်မောင်စိုး၊ ကျောနံပါတ် (၉)လွင်ဦး၊ ကျောနံပါတ် (၈)ဝင်းမင်းထွန်းနှင့် ကျောနံပါတ် (၂၀) နိုင်လင်းဦးတို့ တစ်ဂိုးစီ။

ဝန်ထမ်းရွှေးချယ် လှေကျင့်ရေးအဖွဲ့ နှစ်ဂိုး

ကျောနံပါတ် (၁၆)ကျော်ကျော်မင်းနှင့် ကျောနံပါတ်(၉) မြတ်ဇေယျာစိုးတို့ တစ်ဂိုးစီ။

ကွင်းလယ်ဒိုင် ဦးလှမင်း၊ **အကူဒိုင် (၁)** ဦးကျော်အေး၊ **အကူဒိုင်(၂)** ဦးသိန်းဇံတင်နှင့် **အရန်ဒိုင်** ဦးကျော်မင်း။

ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း

ညနေ (၄)နာရီပွဲ

နယ်စပ်/စည်ပင် ခုနစ်ဂိုး

ကျောနံပါတ်(၉) ဖြိုးဝေလင်း၊ ကျောနံပါတ် (၁၅) မိုးသီးနှင့် ကျောနံပါတ် (၁၂)ဇော်နိုင်ဦးတို့ နှစ်ဂိုးစီ၊ ကျောနံပါတ်(၈)ဝေလင်းအောင်တစ်ဂိုး။

နိုင်ငံခြားရေး ဝန်ကြီးဌာနအသင်း တစ်ဂိုး

ကျောနံပါတ် (၁၀) ထွန်းထွန်းအောင် တစ်ဂိုး။

ကွင်းလယ်ဒိုင် ဦးခင်မောင်ထွေး၊ **အကူဒိုင်(၁)**ဦးနိုင်ကိုဟုတ်၊**အကူဒိုင်(၂)** ဦးမျိုးမင်းဟန်၊ **အရန်ဒိုင်** ဦးမွေးကြိုင်။

လယ်ဝေးမြို့နယ်အားကစားကွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း ငါးဂိုး

ကျောနံပါတ် (၁၀)ကျော်ဝေလှိုင်လေးဂိုး၊ ကျောနံပါတ် (၉)ရဲထွန်းကျော်တစ်ဂိုး။

ပြည်ထဲရေးဝန်ကြီးဌာန သုံးဂိုး

ကျောနံပါတ် (၁၀) အောင်ထွေး သုံးဂိုး။

ကွင်းလယ်ဒိုင် ဦးတင်ဝင်း၊ **အကူဒိုင် (၁)**ဦးလှဝင်းထွန်း၊ **အကူဒိုင် (၂)** ဦးဇေယျာထွန်းနှင့် **အရန်ဒိုင်** ဦးလှအေး။

(က-ပ)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲပထမအဆင့် အုပ်စုပြိုင်ပွဲတွင် (၈)အုပ်စုမှ သတ္တုတွင်း ဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွှေးချယ်လှေကျင့်ရေးအဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဟောင်ပိတ်သတင်း

စပိန်နိုင်ငံ အိုင်ဘီဇာလေဆိပ်၌ပုံးပေါက်ကွဲ

မက်ဒရစ် ဇွန် ၃၀

စပိန်နိုင်ငံရှိ အားလပ်ရက် အပန်းဖြေစခန်းတစ်ခုဖြစ်သော အိုင်ဘီဇာကျွန်း၏ လေဆိပ်၌ ဇွန် ၃၀ရက်က ပုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကြိုတင်သတိပေးထား

ပုံးပေါက်ကွဲမည်ဟု ကြိုတင်သတိပေးချက်ထုတ်ပြန်ပြီးနောက် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပုံးပေါက်ကွဲမှုကြောင့် တစ်စုံတစ်ရာထိခိုက်မှု သတင်းမရရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက် အီရတ်အရပ်သား ၂၆ ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ ဇွန် ၃၀ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်မှုကြောင့် လူ၂၆ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အရပ်သား

အမေရိကန် တပ်ဖွဲ့ဝင်များက လက်နက်ကိုင် တိုက်ခိုက်ရေးသမားများဟု ပြောကြားခဲ့သော်လည်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆေးရုံအရာရှိများက အရပ်သားများဖြစ်သည်ဟု ပြောကြားသည်။

ပျက်စီး

အမေရိကန်တို့က ရဟတ်ယာဉ်များ အသုံးပြုတိုက်ခိုက်ခဲ့သဖြင့် နေအိမ်အများအပြားလည်း ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တွန်ဂါသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၅၁နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာ

ကျိုင်းတုံ ဇွန် ၃၀

ဗောင်ပဗိဖိတ်နိုင်ငံငယ်လေး တစ်နိုင်ငံဖြစ်သည့် တွန်ဂါနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်ဆို) ၏ ၁၅၁နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်း ဒဗလျူအိတ်ချ်ဆိုက ဇွန် ၂၇ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

တွန်ဂါနိုင်ငံသည် ဟာပိုင်ဂီနှင့် နယူးဇီလန်အကြား ကျွန်းနိုင်ငံလေးဖြစ်ပြီး လူဦးရေ ၁၁၇၀၀ သာ ရှိသည်။ တွန်ဂါနိုင်ငံအား ဇွန် ၂၇ရက်က ဒဗလျူအိတ်ချ်အိုမှ အတည်ပြုပေးခဲ့ရာ လာမည့်လတွင် အလိုအလျောက် အဖွဲ့ဝင်နိုင်ငံ အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

အများဆုံးတင်ပို့

တွန်ဂါနိုင်ငံသည် အုန်းသီး၊ ငှက်ပျောသီးနှင့် အခြားသီးနှံ ထွက်ကုန်များကို ဓနသဟာယနိုင်ငံများသို့ အများဆုံး တင်ပို့လျက်ရှိသော နိုင်ငံဖြစ်သည်။

ဆွေးနွေး

ထို့အတူ နယူးဇီလန်မှစား‌သောက်ကုန်ပစ္စည်းများကို အများဆုံးတင်သွင်းရာနိုင်ငံလည်းဖြစ်သည်။ ဒဗလျူအိတ်ချ်အိုသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က ဝင်ရောက်ရန် ဆွေးနွေးလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ချက်သမ္မတနိုင်ငံ နိုရှင်ဖြို့ရှိ ကြက်၊ ငှက်မွေးမြူရေးခြံ တစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးရောဂါပြန်ပွား

ဒါကာ ဇွန် ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကြက်၊ငှက် တုပ်ကွေးရောဂါများ ကူးစက်ပြန့်ပွားလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများနှင့် မွေးမြူရေးလုပ်သားများက ကြက်ကောင်ရေ ၅၀၀၀ကျော်ကို ဖျက်ဆီး ပစ်ခဲ့ရကြောင်း ပြောရေးဆိုခွင့် ရှိသူများက ဇွန် ၂၇ရက်တွင် ပြောကြားသည်။

ဒါကာမြို့အရှေ့မြောက်ဘက်ကီလို မီတာ ၅၀၀ အကွာရှိ သာကူဂါအွန် ခရိုင်တွင် ကြက်၊ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်း၀န်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်း ဒါကာမြို့ အနီး၀န်းကျင်ဒေသများသို့ H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ခဲ့ရပြီး နောက်ပိုင်း ယခုနှစ် မတ်လမှ စတင်ကာ မြောက်ပိုင်းပြည်နယ်များသို့ H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ၆၄ ခရိုင်အနက် ၁၆ ခရိုင်မှာ ကြက်ငှက် တုပ်ကွေးရောဂါကူးစက်ခဲ့ခဲ့ရကြောင်း၊ သို့သော် လူများသို့ ကူးစက်ခြင်းနှင့် ပတ်သက်၍ သတင်းမရရှိခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လေးသန်းခန့်မှာ ကြက်၊ ငှက်မွေးမြူရေးလုပ်ငန်းများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်လုပ်ကိုင်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ပဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော ရွေးကောက်ပွဲမှ သြဇာသက်ရောက်မှုရှိသူ ဒေါက်တာ စူစီလိုဘန်ယန် (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဈီပြည်နယ်၌ ဟန်မြစ်အတွင်း ရေအောက်သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို ဇွန် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့် ခရီးသည်များ ပိုမိုလာရောက်စေရန် တရုတ်နှင့်အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇွန် ၃၀

တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်စေရန် ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင်လည်း ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အရာရှိတစ်ဦးက ဇွန် ၂၇ရက်၌ ပြောကြားသည်။

ခရီးသည်များ ပိုမို လာရောက်စေရန်အတွက် နှစ်နိုင်ငံအကြား ဆိုက်ရောက် ဗီဇာများထုတ်ပေးမည့်အပြင် အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံ အကြား လေကြောင်း ခရီးစဉ်များလည်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဂျေရိုဂါကစ်က ပြောကြားသည်။

လည်ပတ်ခဲ့

ပြီးခဲ့သည့် ၂၀၀၆ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသား နှစ်သိန်းခန့်မှာ တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး တရုတ်နိုင်ငံသား တစ်သိန်းခန့်မှာလည်း အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကြကြောင်း အင်ဒိုနီးရှား အစိုးရ စာရင်းဇယားများတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ ဒွန်လအတွင်း သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၉၀ ကျော်ရှိသွားပြီ

ဘဂ္ဂဒက် ဇွန် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၂၈ရက်၌ ကြေညာသည်။

ဖော်ပြ

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် ဇွန် ၂၇ရက်က စစ်ဆင်ရေးဆင်နွှဲစဉ် အမေရိကန်တပ်ဖွဲ့ဝင်များအား ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု ၎င်းစစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

နောက်ဆုံး ထိခိုက်ကျဆုံးသူများအပါအဝင် ယခုလအတွင်း အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်းမှာ ၉၀ကျော်သွားပြီ ဖြစ်သည်။ အီရတ်စစ်ပွဲစတင်ဖြစ်ပွားကတည်းက အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၅၇၀ ခန့်ရှိကြောင်း အမေရိကန်စစ်ဌာနချုပ်၏ စာရင်းများကို အခြေခံ၍ မီဒီယာများက ဖော်ပြကြသည်။

အမ်အင်န်အေ၊ဆင်ပဟွာ

ဘင်္ဂလားဒေ့ရှ်ကျေးရွာများအတွင်း ကူးများဝင်ဆဲ လူသုံးဦးနှင့် ကျွဲ၊နွား ၅၀သေဆုံး

ခုလ်နာ(ဘင်္ဂလားဒေ့ရှ်) ဇွန် ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆန်ဒါဘန်းစ်ဒေသ လမုတောများဝန်းကျင်ရှိ ရွာများသို့ လွန်ခဲ့သည့် ၁၅ ရက်ကျော်က ကူးများ ဝင်ရောက်လာမှုကြောင့် လူသုံးဦးနှင့် ကျွဲ၊ နွား အကောင် ၅၀ ကျော် သေဆုံးခဲ့ကြောင်း သစ်တောဌာန အရာရှိများက ဇွန် ၂၆ ရက်၌ ထုတ်ဖော် ပြောကြားခဲ့သည်။

ယင်းဒေသတွင် သစ်တောများပြန်းတီးမှုနှင့် လူများ ဝင်ရောက်နေထိုင်မှုတို့ကြောင့် ပိုမိုရှားပါးလာသည့် အစာကိုရှာဖွေရန် ကူးများသည် ရွာများအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

နေထိုင်

သားရဲတိရစ္ဆာန်များကို မီးများ ပုံရှို့ခြင်းဖြင့် ဟန့်တားပြီး ရွာများကို စောင့်ရှောက်နိုင်ရန် ရဲများ၊ သစ်တောစောင့်ရှောက်သူများနှင့် စေတနာ၃၀နှစ်ထမ်းများကို တာဝန်ပေးခန့်ထားခဲ့ကြသည်။ ယင်းနိုင်ငံ၏ စတုရန်းကီလိုမီတာ ၆၀၀၀ ရှိ လမုစိမ့်တော ဒေသများနှင့် ယင်းဝန်းကျင်၌ လူသုံးသန်းခန့် နေထိုင်ကြသည်။

ယင်းနိုင်ငံတွင် ၂၀၀၅ ခုနှစ်က စာရင်းအရ အဆိုပါစိမ့်မြေဒေသ၌ ကျားကောင်ရေ ၄၀၀ ဝန်းကျင်သာ ကျန်တော့ကြောင်း သစ်တောဌာနက ထုတ်ပြန်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဟောလစ်အက်စစ်စားသုံးမှု စိတ်ကျရောဂါကို ကာကွယ်နိုင်

လန်ဒန် ဇွန် ၃၀

ဗြိတိန် သုတေသီများသည် စိတ်ကျရောဂါနှင့် ဟင်းသီးဟင်းရွက်မှ ရရှိသော ဗီတာမင်တစ်မျိုးဖြစ်သည့် ဖောလစ်အက်စစ်ပါဝင်နှုန်း နည်းပါးမှုသည် ဆက်စပ်မှုရှိကြောင်း ဇွန် ၂၆ရက်က အတည်ပြုပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံ ယောခ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ယခင် လေ့လာမှု ၁၁ခုတွင် လူ ၁၅၃၃၅ဦးကို သုတေသနပြုကာ ပြန်လည် သုံးသပ်ပြီးနောက် အဆိုပါ ဆက်စပ်မှုကို အယ်လ်ဖာဂါလီလီယို သိပ္ပံသတင်းဂျာနယ်ဆိုက်မှ သတင်းထုတ်ပြန်ခဲ့သည်။

ဆိုင်မွန်ဂီလ်ဘော်ဒီ ဦးဆောင်သော သုတေသနအဖွဲ့က ဖောလစ်အက်စစ်ဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် ပေါင်မုန့်၊ သို့မဟုတ် ဂျုံမှန့်သည့် စိတ်ကျရောဂါကို တိုက်ဖျက်နိုင်ခဲ့ကြောင်း အဆိုပြုခဲ့သည်။

အမ်အင်န်အေ၊ဆင်ပဟွာ

ကမ္ဘာတစ်လွှား အားကစား

အာစင်ဝင်းဂါး အာဆင်နယ်မှ ထွက်ခွာမည်လော

လန်ဒန် ဇွန် ၃၀

ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း လှိုင်းလေအပြင်းထန်ဆုံး ရိုက်ခတ်နေသည့်အသင်းမှာ အာဆင်နယ်ဖြစ်ပြီး ယခုအခါ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးအသင်းပြောင်းရွှေ့ရန် ဆွေးနွေးမှုများပြုလုပ်နေပြီဟု သတင်းများ ထွက်ပေါ်လာပြန်သည်။

အာဆင်နယ်အသင်း၌ ဘောလုံးသမား ဝယ်ယူရေးအတွက် ဘဏ္ဍာငွေအကျပ်အတည်းဖြစ်မှုကြောင့် အာစင်ဝင်းဂါးစိတ်တိုင်းမကျဖြစ်နေပြီး အာဆင်နယ်ကလပ်ဒုတိယ ဥက္ကဋ္ဌ ဒေးဗစ်ဒိန်းမရှိတော့သည့်အတွက် စိတ်ထိခိုက်ခဲ့ရမှုများက အာဆင်နယ်မှ ထွက်ခွာအောင် တွန်းပို့စေသော အားများဖြစ်ခဲ့သည်။

မသေချာ

အာစင်ဝင်းဂါး၏ အနာဂတ်နှင့် ပတ်သက်ပြီး မကြာမီက သူကိုယ်တိုင် ပြောကြားခဲ့သော စာချုပ်သက်တမ်းကုန်မည့် ၂၀၀၈ခုနှစ်အထိ အာဆင်နယ်၌ တာဝန်ယူသွားမည်ဟု ပြောစကားများမှာလည်း ယခုအခါ အတည်ပြုရန် မသေချာတော့ချေ။

အတည်ပြု

အာစင်ဝင်းဂါးကို မိမိတို့ခေါ်ယူရန် ကြိုးစားနေသည်ဟူသော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က တရားဝင် ပြောကြားလိုက်ပြီဖြစ်ရာ ဆွေးနွေးမှုများလည်း ပြုလုပ်နေကြောင်း ၎င်းကလပ်များက အတည်ပြု ပြောကြားနေပြီဖြစ်သည်။

ကြိုးစားနေ

အာစင်ဝင်းဂါးသည် အာဆင်နယ်အတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံး နည်းပြတစ်ဦးဖြစ်သဖြင့် လက်လွှတ်ဆုံးရှုံးမခံသင့်ကြောင်း ဘာစီလိုနာရောက်အွန်နရီက ပြောကြားလိုက်ရာ အာစင်ဝင်းဂါး အသင်းမှထွက်ခွာရန် ကြိုးစားနေပြီဖြစ်သောသတင်းကို ခိုင်လုံစေခဲ့ပြန်သည်။

စည်းရုံးနေကြ

အာစင်ဝင်းဂါး အသင်းပြောင်းရွှေ့ရန် ကြိုးစားနေပြီဟူသော လှုပ်ရှားမှုများကြောင့် အာဆင်နယ် ကလပ်ပိုင်ရှင်များက တစ်ပတ်လုပ်ခလစာ ပေါင်၇၅၀၀၀နှင့် စာချုပ်သက်တမ်း တိုးမြှင့်ရန် စတင်စည်းရုံးနေကြသော်လည်း အာစင်ဝင်းဂါးက လက်မခံဘဲ ရှိနေသည်။

အကျပ်ရိုက်

ဘောလုံးသမား အပြောင်းအရွှေ့အတွက် ဒေါ်လာသန်း၃၀ သုံးစွဲခွင့်ပေးပြီး အသင်းကို ဆက်လက်ကိုင်တွယ်သွားရန်၊ ယခင်ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးမှသာ အာဆင်နယ်အသင်းမှ ထွက်ခွာရန်ဟူသော အချက်များကိုလည်း အာစင်ဝင်းဂါးက မည်သည့်အကြောင်းပြန်ချက်မှ မပေးခဲ့သဖြင့် အာဆင်နယ်ကလပ် လူကြီးများလည်း အကျပ်ရိုက်လျက် ရှိနေသည်။

ရယူပေးခဲ့

၁၉၄၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်၌ မွေးဖွားခဲ့သော အာစင်ဝင်းဂါးသည် ယခုအခါ အသက် ၅၈နှစ် အရွယ်ရှိပြီဖြစ်ပြီး အာဆင်နယ်အတွက် ပရီမီယာလိဂ်ဖလားသုံးခု၊ အက်ဖ်အေဖလားလေးခုနှင့် ကွန်မြူနတီဒိုင်းနှစ်ခု ရယူပေးခဲ့သော နည်းပြတစ်ဦးလည်း ဖြစ်သည်။

အကောင်းဆုံးနည်းပြဆု

၁၉၈၁ ခုနှစ်မှစတင်ကာ စထရာဘတ်အသင်းနည်းပြအဖြစ် စတင်လုပ်ဆောင်ခဲ့သော အာစင်ဝင်းဂါးသည် ၁၉၈၇ ခုနှစ်၌ မိုနာကိုအသင်းသို့ ပြောင်းရွှေ့တာဝန်ယူခဲ့ပြီးနောက် အောင်မြင်မှုများရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်၌ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆု ရရှိခဲ့သည်။

စိတ်လှုပ်ရှားဖွယ်

နည်းပြဘဝတစ်လျှောက် အာဆင်နယ်၌တာဝန်ယူရသော ကာလများသည် ရင်ခုန်စရာကောင်းပြီး ပြိုင်ဘက်ကောင်းများနှင့်လည်း အမြဲတမ်းယှဉ်ပြိုင်ခဲ့ရကြောင်း၊ ပရီမီယာလိဂ်သည် စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးပြိုင်ပွဲဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

ထိခိုက်မှုဖြစ်စေ

အာစင်ဝင်းဂါးလက်ထက်၌ အသင်းမှထွက်ခွာသွားသူများအနက် ရောဘတ်ပီးရက်စ်၊ ဆိုးလ်ကမ်းဘဲလ်၊ ပက်ထရစ်ဗီအဲရာနှင့် အွန်နရီတို့သည် အသင်းအတွက် ထိခိုက်မှုဖြစ်စေခဲ့သော ကစားသမားများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပြုစုပျိုးထောင်

သို့သော်လည်း အာစင်ဝင်းဂါး အနေဖြင့် အသင်းအတွက် အနာဂတ်မျိုးဆက်သစ် လူငယ်ကစားသမားများဖြစ်သော သီအိုဝေါကော့တ်၊ ဖာဘရီဂတ်စ်၊ အီမြူရယ်အီဘူးနှင့် ဖီးလစ်ဆန်ဒရှိ့စ်တို့ကဲ့သို့သော လူငယ်များကို အသင်း၌ ခြေစွမ်းထက်မြက်လာအောင်ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။

တွေ့ဆုံနေပြီ

အာဆင်နယ်အသင်းအား လူငယ်ခြေတက်များဖြင့် ဖွဲ့စည်းပေးနိုင်ခဲ့သော နည်းပြအာစင်ဝင်းဂါးမှာ ယခုအခါ အသင်းမှ အချိန်မတိုင်မီထွက်ခွာရန် ပြင်ဆင်နေပြီ ဖြစ်သလို ကလပ်အသင်းအချို့နှင့် တွေ့ဆုံနေပြီဖြစ်သည်။

ပြောင်းလဲသွားမည်

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ကလည်း မိမိတို့နှင့် တရားဝင် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ထုတ်ဖော်ပြောကြားနေသည်ဖြစ်ရာ အာစင်ဝင်းဂါး အမှန်တကယ် ထွက်ခွာခဲ့လျှင် အာဆင်နယ်၏ အနာဂတ်သည် မည်သို့ ပြောင်းလဲသွားမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ် ကောင်းနေပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ - ဟောင်ဟောင်မြင့်ဆွေ



အာဆင်နယ်နှင့်အတူ ဤသို့ ဆုဖလားမျိုးရယူကာ အောင်ပွဲဆင်နိုင် ခဲ့မှုများကို အာစင်ဝင်းဂါး ကျောခိုင်းသွားတော့မည်လား။ (ဓာတ်ပုံ-အင်တာနက်)

ဒေးဗစ်ဘက်ခမ်း ဂလက်ဆီ ကစားသမားဖြစ်ပြီ

လော့စ်အိန်ဂျလိစ် ဇွန် ၃၀



ဂလက်ဆီအသင်း ကစားသမားအဖြစ် တရားဝင် ဖြစ်လာသော ဒေးဗစ်ဘက်ခမ်း။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ဇူလိုင်၁၃ရက်မှစပြီး လော့စ်အိန်ဂျလိစ်ရှိ ဂလက်ဆီအသင်း ကစားသမားအဖြစ် တရားဝင် ဖြစ်လာတော့မည်ဖြစ်ကြောင်း ၎င်းအသင်းက ထုတ်ဖော်ပြောကြားလိုက်သည်။ ကွင်းလယ်ကစားသမား ဘက်ခမ်း၏ ပွဲဦးထွက် ပြိုင်ပွဲကို ဇူလိုင် ၂၁ရက်တွင် ချယ်လ်ဆီး အသင်းနှင့်ချစ်ကြည်ရေးကစားရာ၌ ပါဝင်လာနိုင်သည်ဟုဆိုသည်။ အသက် ၃၂နှစ်ရှိ ဘက်ခမ်းသည် အဆိုပါ မေဂျာလိဂ်ဘောလုံးအသင်းနှင့် အမေရိကန်ဒေါ်လာ ၁၂၅ သန်းဖိုး ငါးနှစ်စာချုပ် တစ်ရပ်ကို ချုပ်ဆိုထားသည်။ (အင်တာနက်)

ချာလ်တန်တိုက်စစ်မှူး ဒါရင်ဘင့်အား တော့တင်ဟမ်က စံချိန်တင်ပြောင်းရွှေ့ကြေးပေးခေါ်ယူ

လန်ဒန် ဇွန် ၃၀



တော့တင်ဟမ်က စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သော ဒါရင်ဘင့်။ (ဓာတ်ပုံ-အင်တာနက်)

ချာလ်တန် အသင်းမှ တိုက်စစ်မှူး ဒါရင်ဘင့်အား တော့တင်ဟမ်ဟော့စပါး အသင်းက စံချိန်တင် ပြောင်းရွှေ့ကြေးပေး၍ ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

ဂုဏ်ယူမိ

အသက်၂၃နှစ်ရှိအင်္ဂလန် တိုက်စစ်မှူး ဒါရင်ဘင့်အား တော့တင်ဟမ် အသင်းက ပေါင် ၁၆ဒသမ၅သန်းဖြင့် ခြောက်နှစ်စာချုပ် ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်သည်။ တော့တင်ဟမ်အသင်းသည် အင်္ဂလန် လူငယ်ဘောလုံးသမား အများအပြားစုဝေးရာအသင်းဖြစ်ကြောင်း၊ အင်္ဂလန်လူငယ်အသင်းဟုပင် ခေါ်ဆိုနိုင်ကြောင်း၊ မိမိသည် တော့တင်ဟမ်အသင်း တိုက်စစ်မှူးဖြစ်ရသည့်အတွက် ဂုဏ်ယူမိကြောင်း ဒါရင်ဘင့်က ပြောကြားသည်။ **(အင်တာနက်)**

ရေးသားသူ - မြင့်ဟောင်စိုး

ကိုပါအမေရိကဖလား အုပ်စုပွဲများယှဉ်ပြိုင် အာဂျင်တီးနား ရလဒ်ကောင်း၊ ဘရာဇီး ရှုံးပွဲကြို

ဗျူနိုစ်အေရီ ဇွန် ၃၀

ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန်၂၆ရက်မှစတင်ကာ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဇွန်၂၈ရက်က အုပ်စုပွဲစဉ်ပထမ အကျော့ပွဲစဉ်များအပြီး အာဂျင်တီးနား၊ ပါရာဂွေး၊ ချီလီနှင့် မက္ကဆီကို အသင်းများ ပွဲဦးထွက် နိုင်ပွဲရရှိထားကြသည်။

အုပ်စု (က)

ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲကို အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ကစားရာ အုပ်စု(က)၌ ပီရူး၊ ဗင်နီဇွဲလား၊ ဘိုလီးဗီးယားနှင့် ဥရုဂွေး အသင်းများပါဝင်သည်။

အုပ်စု (ခ)

အုပ်စု(ခ)၌ မက္ကဆီကို၊ ချီလီ၊ အီကွေဒေါနှင့် ဘရာဇီးအသင်းတို့ ပါဝင်သည်။

အုပ်စု (ဂ)

အုပ်စု(ဂ)၌ ပါရာဂွေး၊ အာဂျင်တီးနား၊ အမေရိကန်နှင့် ကိုလံဘီယာအသင်းတို့ ပါဝင်သည်။

အနိုင်ရရှိ

ဇွန် ၂၆ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စု(ခ)ပွဲစဉ်တွင် ချီလီအသင်းက အီကွေဒေါအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ အုပ်စု(ခ)ပြိုင်ပွဲကို ဇွန်၂၇ရက်တွင် ယှဉ်ပြိုင်ကစားရာ ဘရာဇီးတို့ အိမ်ကွင်း၌ မက္ကဆီကိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲဦးထွက်

သို့ရာတွင် အုပ်စု(ဂ)မှ အာဂျင်တီးနားအသင်းသည် ပွဲဦးထွက်အဖြစ် အမေရိကန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ပွဲသိမ်းအနိုင်ဂိုး

အာဂျင်တီးနားအသင်းအတွက် အနိုင်ဂိုးများကို ခရက်စပိုက နှစ်ဂိုး၊ အိုင်မာကတစ်ဂိုးသွင်းယူပြီး ကားလို့စ်တီဗက်ဇ်က ပွဲသိမ်းအနိုင်ဂိုးသွင်းယူပေးသည်။

အလားတူ ယင်းအုပ်စုမှ ပါရာဂွေးအသင်းသည် ကိုလံဘီယာအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

- **နယူးကာဆယ်အသင်းမန်နေဂျာ ဆမ်အလာဒိုက်သည် ဘာစီလိုနာအသင်းမှ အီမာဆင်အား ခေါ်ယူရန် ချဉ်းကပ်လျက်ရှိကြောင်း သိရသည်။**
- ချယ်လ်ဆီးတောင်ပံကစားသမားအာဂျင်ရော့ဘင်သည် ထိပ်တန်း ဥရောပကလပ်များက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း လာမည့်ရာသီတွင် ချယ်လ်ဆီး၌သာ ကစားလိမ်မည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်းက ပြောကြားသည်။

(အင်တာနက်)

အင်ဒါဆင် မန်ယူ၌ ကစားခွင့်ရပြီ

လန်ဒန် ဇွန် ၃၀

ဘရာဇီးဘောလုံးသမား အင်ဒါဆင်အား မန်ယူတွင်ကစားရန် ဗြိတိန်နိုင်ငံက ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

မကစားပေးခဲ့

အင်ဒါဆင်အား မူလက မန်ယူအသင်း၌ ပါဝင်ကစားရန် ဗြိတိန်နိုင်ငံက ခွင့်မပြုခဲ့ချေ။ အကြောင်းမှာ လွန်ခဲ့သော နှစ်နှစ်ကျော်က ဘရာဇီး လက်ရွေးစင်အသင်းတွင် ၇၅ရာခိုင်နှုန်း ပါဝင်မကစားပေးခဲ့၍ဖြစ်သည်ဟု ဆိုသည်။

အသက် ၁၉နှစ်ရှိ အဆိုပါ ဘရာဇီးကစားသမားအား မန်ယူ၌ ကစားရန် ဇွန်လဆန်းက ပေါ်တိုအသင်းနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

မန်ယူတွင် ကစားခွင့်ရရှိသွားပြီဖြစ်သော အင်ဒါဆင်။ (ဓာတ်ပုံ-အင်တာနက်)



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ ချယ်ရီလမ်း၊ အမှတ် ၉၀ နေ
(ဦးခင်မောင်လွင်)-ဒေါ်ခင်ရီတို့၏သားကြီး

ဗိုလ်ကြီးနေအောင်

M.B.,B.S (DSMA), M.Med.Sc (Biochemistry)1st Year

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် ၂၅/က နေ
ပါမောက္ခဒေါက်တာဦးစိုးညွှန့်(မျက်စိအထူးကု)-ဒေါက်တာဒေါ်အေးအေးသန့်(ကလေးအထူးကု)
တို့၏သမီးငယ်

မသက်သက်စိုး

B.A (Eco), MBA (I)

တို့၏ ၂၄-၆-၂၀၀၇ရက် (တနင်္ဂနွေနေ့) Summit Park View Hotel(Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပါမောက္ခ ဌာနမှူး(ငြိမ်း)ဒေါက်တာဦးမြအောင်(မျက်စိအထူးကုဆရာဝန်ကြီး)နှင့်ဇနီး ပါမောက္ခ ဌာနမှူး(ငြိမ်း) ဒေါက်တာဒေါ်ခင်အေးသီ(ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီး)တို့အားလည်းကောင်း၊ မင်္ဂလာ လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးလှမျိုးနှင့်ဇနီး ဒေါ်သန်းသန်းမြင့် (ရှမ်းရိုးမပုံနှိပ်တိုက်) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်နှင့် မင်္ဂလာအခါတော်ပေးသီဆိုပေး သော ဒေါ်ရီရီသန့်အားလည်းကောင်း၊မင်္ဂလာပန်းကြပေးသော ညီမလေး မခိုင်ပြုံးဝေ၊ သတို့သားအရံ ဗိုလ်ကြီးရဲမြင့်နှင့် ဗိုလ်ကြီးမြတ်စိုးခိုင်၊ သတို့သမီးအရံ မထက်ထက်မျိုးဝင်းနှင့် မမြတ်မွန်ထွေး၊ မင်္ဂလာဝတ်စုံ အန်တီဒိုင်ယာနာ၊ ဗီဒီယိုနှင့် ဓာတ်ပုံ စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်အလှ ဆင်ပေးသော ပွင့်နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးကြသော မိတ်ဆွေများ၊ Summit Park View Hotel မှဝန်ထမ်းများ၊ အဘက်ဘက်မှ ပိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဗိုလ်ကြီးနေအောင်-မသက်သက်စိုး။

SHOOTER
SPIDER MAN 3
300

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Cherry Pan Travels Ltd. မှ Sakura Tower နှင့် Sakura Residence အတွက် အောက်ပါလစ်လပ်နေရာများကို ခေါ်ယူနေပါသည်။

(1) F & B Male / Female Attendants (2) F & B Manager
(3) Receptionists (4) Head Chef
(5) Lift Technicians

အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှုလိုအပ်သည်။ လုပ်သက်အတွေ့အကြုံအနည်းဆုံး(နှစ်)နှစ် ရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ ကိုယ်ရေးရာဇဝင်၊ အလုပ်သမား မှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

၅၀၅ (ငါး)ထပ်၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၅၂၅၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၅၁၉၃(က-၃) ပျောက်လျှောက် ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကျော်သီဟ မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၁၉၈၆၄၆က ယာဉ်မှတ်တင် စာအုပ်(က-၃)ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်းရုံး)၊
ရန်ကုန်မြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မစန်းစန်းဝင်း ၁၂/တမန(နိုင်) ၀၈၆၅၃၁သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘော အလျောက် လက်ဝတ်လက်စားများယူဆောင်၍ ၂၆-၅-၂၀၀၇ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ဆင်းသွားသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက် သည့်ကိစ္စအဝဝကို မည်သို့မျှတာဝန်မယူပါ။ လက်ခံထားသူ၏ တာဝန်သာဖြစ်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်ခင်စန်းမြင့်
၁၂/တမန(နိုင်)၀၈၈၀၅၁။

ကျေးဇူး ဆပ်ပါမည်

ကျွန်မ မလွင်မာဦး၏ Passport No. 903248 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၃၉၄၂၃၆။

Accountancy Training Centre
LCCI (UK) Level I,II,III
(for Series - 4' 2007)
16-6-2007

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- ဗဟန်းမြို့နယ် Delta Plaza ငါးလွှာ၊ ပေ ၃၀ x ၅၄ ပေ၊ MBL နှစ်ခန်း၊ နေထိုင်ရန် အသင့်ပြင်ဆင်ပြီး၊ ရွှေဂုံတိုင်လမ်းမပေါ်တွင် တည်ရှိသည်။
- ၈၇လမ်း(အထက်ပန်းဆိုးတန်းလမ်းနှင့်ကပ်လျက်)၊ (ပ)လွှာ၊ ၁၅ ပေ x ပေ ၆၀၊ အိပ်ခန်းတစ်ခန်း၊ သန့်စင်ခန်းနှစ်ခန်း၊ နေထိုင်ရန် အသင့်ပြင်ဆင်ပြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁-၃၅၉၈၄။

Beauty
Cosmetic

အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင် ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ ဖြင့် စာတွေ့၊လက်တွေ့သရုပ်ပြသင်ကြားသည်။သက်သာမှန်ကန်သောနှုန်းထားသာ ယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး ကူညီမည်။ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက် ထိုင်ခုံနှင့် သန့်ရှင်းသော သင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေ ကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

"အောင်"ပြီး "ချမ်းမြေ"မှုတွေကို အပြည့်အဝရရှိဖို့ "အောင်ချမ်းမြေ"မှာ သင်တန်းတက်ကြစို့။

* အပတ်စဉ်(၁၂၉) **နှစ်လအပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
၁၀-၇-၂၀၀၇ စမည်။ **(အင်္ဂါ၊ ဗုဒ္ဓဟူး) (ကျန်ရက်များ ပိတ်ရက်)**
၁၂-၇-၂၀၀၇ စမည်။ **(ကြာသပတေး၊ သောကြာ) (ကျန်ရက်များ ပိတ်ရက်)**
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၃၀) **နှစ်လအပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၁၄-၇-၂၀၀၇ စမည်။
စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၃၁) **သုံးလသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၁၅-၇-၂၀၀၇ စမည်။
တနင်္ဂနွေ တစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
Section (1) AM 08:00 to 12:30 (၁၅)ဦး
Section (2) PM 12:30 to 05:00 (၁၅)ဦး

* အပတ်စဉ်(၁၃၂) **တစ်လအပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၁၆-၇-၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

အမှတ် ၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့်အလျိုင်းဦးရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်အနီး။ ဖုန်း-၀၉-၅၁၄၆၀၅၇၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃ (am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

မှတ်ချက်။ ။ အထက်ပါသင်တန်း တည်ရှိရာနေရာမှလွဲ၍ မည်သည့် နေရာဒေသတွင်မှ **"အောင်ချမ်းမြေ"** ဟူသောအမည်ဖြင့် ရုံးခွဲများ၊ သင်တန်း ကျောင်းခွဲများ ဖွင့်လှစ်ထားရှိခြင်းမရှိပါ။ ၎င်းအပြင် မည်သည့်သင်တန်းကျောင်း၏လက်အောက်ခံသင်တန်းကျောင်း မဟုတ်ပါ။

မင်္ဂလာပါ

သင် အခက်ခဲတွေ့လျှင် လက္ခဏာနှင့်
နက္ခတ္တဗေဒပညာရှိ ကဝိဘိသက္ကဘွဲ့ခံ
ဆရာကြီး ဘုန်းကြွယ် ရှိနေပါတယ်။
မဟာဝိဇယဘုရားမြောက်ဘက်၊ မွှေရုံအနီးဆိုင်ခန်းသို့ ကြွခဲ့ပါ။

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)အမှတ်(၁၃)ထွက်ပြီ

ရန်ကုန် ဇွန် ၃၀

ရာသီပန်းများ ဖြစ်သော ပုန်းညက်ပန်း၊ မြတ်လေးပန်း တို့ ဖူးပွင့်ကြသည့် ကရကင့် ရာသီ ဝါဆိုလတွင် ကျေးလက် ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ရသ၊ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄) အမှတ်(၁၃) အား ဇူလိုင် ၁ရက်၌ ထုတ်ဝေ လိုက်ပြီဖြစ်သည်။**(ဝဲပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ပြည်တွင်းဖူလုံ ပြည်ပ ပို့ကုန်တိုးစေဖို့ မိုးနှမ်းစိုက်ကြစို့၊ စပါးသီးနှံတွင် ဓာတ်မြေသြဇာ များ ထိရောက်စွာသုံးစွဲနည်း၊ ဝါဆိုလနှင့် လယ်ယာဦးကြီးတို့၏ လုပ်ငန်းခွင်လွယ်ကူရိုးရှင်းသော မြေဆွေးပုံတစ်ခုအားပြုလုပ်ခြင်း၊ အာကာသထဲက အာလူးပင် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဆီးသီးဆီးဆန်နှင့်ဆိတ်မွေးမြူရေး၊ တိရစ္ဆာန်တို့၏ ကိုယ်အပူချိန်၊ အိမ်မွေးတိရစ္ဆာန်များကို သတိပြုမွေးမြူပါ စသည့် မွေးမြူရေး ဆောင်းပါးများ၊ ဆေးလိပ်ကြောင့် နှလုံးသွေးကြောရောဂါများဖြစ်၊ အန္တရာယ်တွင်းထဲဆင်းမိသူများ၊ ရေအရင်းအမြစ်နှင့် ရေဝေရေလဲ ဒေသထိန်းသိမ်းရေး၊ မိတ်ကောင်းဆွေကောင်းယွန်းထည်ထွက်ရာ ကျောက္ကာရွာ စသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ ညာလက် ရွှေတစ်ရတော့ဘယ်လက် စသည့်ဝတ္ထုတိုတို့အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်း အတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင် လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူ များသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည့်နှင့် အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါ သည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ် မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင် ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သတ္တမအကြိမ် သန်လျင်မိသားစု မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

သတ္တမအကြိမ် သန်လျင်မိသားစု မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ပုံပိုးကူညီမှုနှင့်အမှတ်(၁) ရေနံချက်စက်ရုံတို့မှကြီးမှူး၍ ဇွန် ၂၄ရက်က သန်လျင်ဂေါက်ကွင်း၌ ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ အပါအဝင် ဂေါက်သီးရိုက် အားကစားသမား ၁၃၈ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင်ဆုရရှိသူ များအား မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင် သန်းဦးနှင့် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)စက်ရုံမှူး ဒုတိယ ဗိုလ်မှူးကြီးဖေသက်ညွှန့်တို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

International Diploma in Computer Studies (IDCS)
KMD Computer Centre
Commencing Date
6 July, 2007 (Mon to Fri)
8.45 to 1:00

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည် ဆောက် ဆဲ ရွှေရတု စိန်တိုး ကျောင်းဆောင် တော်ကြီးအတွက် ဒေါ်မြမြညွန့်၊ ဦး သိန်း ဝင်း၊ (ဦး သိန်း ထွန်း)၊ သားကိုဝင်းသူရိန်၊ သမီး မရတနာ၊ မ ရင် သွေး ပိုင် အမှတ် ၁၂၈ ကျိုက္ကဆံလမ်း တာမွေတို့က အလူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒက ရှေ့မှောက်၌ အတွင်းရေးမှူး ဦးအေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မအူပင် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့

မအူပင် ဇွန် ၇

၂၀၀၇-၂၀၀၈ခုနှစ် မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်း သားသမီးများပညာသင်ထောက်ပံ့ ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဘိုထွန်း-ဒေါ်ကြည်ပြာ ဝင်းတို့က ဝန်ထမ်း ၄၃ ဦး၏ သားသမီး ၇၂ဦးအတွက် ငွေကျပ် ၂၃၁၀၀၀ ကို ထောက်ပံ့လှူဒါန်းရာ အငယ်တန်းစာရေး ဦးကျော်စိုးမြင့်က လက်ခံယူခဲ့သည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

ဂန္ဓဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဇေ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း-ရွှေဟသီ)၏ သက်တော်(၃၉)နှစ်ပြည့် မွေးနေ့အမှတ်တရအဖြစ် ကိုးဘွဲ့ရ သွေးလှူရှင်အသင်းမှ စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၆ရက်က ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ဌာန၌ ကိုးဘွဲ့ရဆရာတော် သွေးလှူဒါန်းစဉ်။ (က-ပ)

စုပေါင်းရှင်ပြုပွဲ ပူတာအိုမြို့၌ကျင်းပ

ပူတာအို ဇွန် ၁

ပူတာအိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ စုပေါင်း ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၁၇ ရက်နှင့် ၁၈ ရက်တို့က ပူတာအိုမြို့ ဗဟိုသာသနာပြုကျောင်း၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားကို ပူတာအို ဗဟိုသာသနာပြု ဆရာတော် ဘဒ္ဒန္တတိလောက အမှူးပြုသော ပင့်သံဃာတော်ကိုးပါး ကြွရောက်တော်မူကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးမြအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်ပရိသတ်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြည်ညိုကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနကြီးမှူး ဝါးပါးဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်

သထုံ ဇွန် ၂၀

သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သထုံမြို့နယ် ဝါးပါးဆည် အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇွန် ၁၃ရက် နံနက် ၈နာရီက အဆိုပါ ဝါးပါးဆည်၌ ကျင်းပရာ အခမ်းအနားသို့ သထုံခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့ဝင်များ၊ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်နှင့်အဖွဲ့ဝင် များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်၍ ငါးမျိုးစိုက်ထည့်ကြသည်။ **(အောက်ပုံ)**

ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်း ငါးမှုန်ဆယ်သိန်း၊ ငါးသန် နှစ်သိန်း စုစုပေါင်း ငါးသားပေါက် တစ်ဆယ့်နှစ်သိန်းကို ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့် ခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၉ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ရင်းငြိမ်ချောင်းအတွင်း သို့လည်း ငါးခုံးမငါးမျိုး တစ်သိန်း၊ ငါးမြစ်ချင်း ငါးသန် ငါးသောင်း၊ တီလား ပီးယားငါးသန် ငါးသောင်း စုစုပေါင်း ငါးသားပေါက် နှစ်သိန်း ငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာပြည်သူများ စာဖတ်ရှိန်မြင့်မားရေးနှင့် စာဖတ်ပိုင်းများဖြစ်ပေါ်ရေးဆွေးနွေး

ချောက် ဇွန် ၂၆

ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်း တို့သည် ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့က ဆင်ကကျေးရွာ၊ ငွေးချိုကျေးရွာ၊ ဩဇာတောကျေးရွာ၊ ငွေးပင်ကျေးရွာ၊ ကြောင်ယာတောကျေးရွာများသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့် ထွေ့ဆုံကာ ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် အချက်ငါးချက် ဖြင့် ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင်များ စိုက်ထူရေး၊ ကျေးရွာပြည်သူများ စာဖတ်ရှိန်မြင့်မားရေး၊ ကျေးရွာ စာဖတ်ပိုင်းများ ဖြစ်ပေါ်ရေးနှင့် စာကြည့်တိုက် မှတ်ပုံတင်ဆောင်ရွက်ရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်က မြို့မလမ်းနှင့် မြိုင်လမ်းဆုံရှိ ရေမြောင်းကို အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ် ဖွဲ့များ ရေပိုက်ဖြင့်ထိုးချ၍ အမှိုက်များဆယ်ယူမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ပိုင်းမော် ဇွန် ၁

ကချင်ပြည်နယ် ပိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်း သပ်ရပ်၍ ပန်းများဝေဆာစွာ ပွင့်ဖူးပြီး စိမ်းစိုသာယာလှပစေရန် မေ ၁၁ရက်က အငယ်တန်းအင်ဂျင်နီယာ (၄) ဦးကျော် နိုင်မင်း ဦးဆောင်သော အဖွဲ့ဝန်ထမ်း များဖြင့် အထကခွဲကျောင်းရှေ့ရှိ မြေခင်း အလှတွင် ပန်းအလှပင်များ ဖြည့်တင်း စိုက်ပျိုးခြင်းများ စုပေါင်းဆောင်ရွက် မှုကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုင်းဖြတ်၌ ဝါးမျိုးစုံ စုပေါင်းစိုက်ပျိုး

မိုင်းဖြတ် ဇွန် ၁၀

မိုင်းဖြတ်မြို့နယ်တွင် ခရိုင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဦးဆောင်၍ စုပေါင်း ဝါးစိုက်ပျိုး ပွဲကို ဇွန် ၂၇ရက် နံနက် က ဝမ်ပွေ အခြေခံ ပညာမူလတန်းကျောင်း ပရဝဏ် အတွင်း၌ ကျင်းပ သည်။

အခမ်းအနားတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့ များ၊ ဒေသခံပြည်သူများ စုပေါင်း၍ တင်းဝါး၊ ထီးရိုး ဝါး အပင် ၃၀၀ကျော်နှင့် ဝါးပိုးဝါးများကို စိုက်ပျိုး ကြရာ မြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးကျော်ညွန့် နှင့် သစ်တောဝန်ထမ်း များကလိုအပ်သည်များကို အသေးစိတ်စီမံဆောင်ရွက် ပေးခဲ့ကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

ဒီပဲယင်းမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရန် အတွက် မေ ၂၅ရက်က အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်း များ ဆရာစံခန်းမရှေ့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်သို့ ရေဒီယိုနှင့်စာအုပ်၊ စာစောင်များလှူဒါန်း

မြစ်ကြီးနား ဇွန် ၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ တက်လမ်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရေဒီယိုနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနား ခရိုင်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက ကျေးလက်နေပြည်သူ များ အသိပညာဗဟုသုတ တိုးပွားလာရေး၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ရှင်သန်ခိုင်မာသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး၊ ငွေပဒေသာပင်ရရှိရေးနှင့် မှတ်ပုံတင်စာကြည့်တိုက်များ ဖြစ်လာရေးတို့ အတွက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စည်းရုံးရရှိ သော ရေဒီယိုတစ်လုံးနှင့် စာအုပ်၊ စာစောင်မျိုးစုံ အုပ် ၅၀၀ကို အဆိုပါစာကြည့် တိုက်သို့ လှူဒါန်းရာ တန်ဖဲကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ဘန်းနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်တို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၂၃ ရက်က ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၃)ရပ်ကွက် ကြီခင်းဘုန်းတော်ကြီး ဓမ္မာရုံတွင်ရှိသော ဘုရားပလွှင်တော် အသစ်ပြန်လည်ပြုပြင်ရန်အတွက် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးကျော်ဟိန်း-ဒေါ်မြတ်မြတ်အေး၊ သမီး မခိုင်ဇာဟိန်း၊ သား မောင်ကျော်ဇောဟိန်း မိသားစုက အလှူငွေကျပ် ခြောက်သိန်းကို ကြီခင်းကျောင်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၂၂၂)

ရွှေကူ-ဝေခူး လမ်း စုပေါင်းပြုပြင်

ရွှေကူ ဇွန် ၁၆

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကျေးလက်လမ်းများ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ရက်က ရွှေကူ-ဝေခူး ကျေးလက်လမ်းပြုပြင်ခြင်းကို ရွှေကူမြို့နယ် ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ စုပေါင်း ဆောင်ရွက်ရာသို့ ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်၊ ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်နိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘွားဘွား ဒေါ်ညွန့်ညွန့်၊ ဖခင် ဦးစန်းဝင်း၊ မိခင် ဒေါ်ညိမ်းညိမ်းဝင်း တို့အား အမှူးထား၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ် (၈၉-အေ)နေ မယုယုခိုင်က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး (သုံးလွှာ) ရေကန်အတွက် အလှူငွေကျပ် ခြောက်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ငပုတောမြို့ ဈေးတံတားပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၈ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ကြွံခိုင်ဖွံ့ဖြိုးရေးအသင်း)

ရှင်မဟာရဋ္ဌသာရကျောက်စာတိုင် ကျောက်စာကပ်၊ မွမ်းမံပြင်ဆင်

ပြည် ဇွန် ၄

ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့် ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းက ကြီးမှူးကျင်းပသော အင်းဝခေတ်စာဆိုကျော် မဟာသံဃရာဇာသာသနာပိုင် ရှင်မဟာရဋ္ဌသာရအရှင်သူမြတ်အား အမှတ်တရပူဇော်ပွဲအခမ်းအနားနှင့် ရှင်မဟာရဋ္ဌသာရကျောက်စာတိုင်အား ကျောက်စာကပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း အခမ်းအနားကို မေ ၂၇ရက်က ပြည်မြို့ ရွှေမောင်းတုန်းတောရကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့် ပိဋကတ်တိုက်၏ ဩဝါဒါစရိယ မူလ တက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုလာသဘ(မဟာသဒ္ဓမ္မ ဇောတိကဓဇ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ကန်တော့ခံ သက်ကြီး စာပေပညာရှင် သတင်းထောက် ဦးမြရွှေနှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့က ရှင်မဟာရဋ္ဌသာရ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် သရေခေတ္တရာ ပြည်မြို့ ရောက် အင်းဝစာဆို ရှင်မဟာရဋ္ဌသာရ၏ စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရှင်မဟာရဋ္ဌသာရ အရိုးအိုးဂူနေရာအထိမ်းအမှတ် ကျောက်စာတိုင်သို့ သွားရောက်လေ့လာကြသည်။ (၁၉၉)

ပန်းခုံများဆောင်ရွက်

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်-မကွေးလမ်းမကြီး ဘေးဝဲယာသာယာလှပရေးအတွက် ပန်းခုံများ ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇွန် ၁၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နု ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးလှမျိုးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ပိုးညှင်း မိခင်/ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

ပိုးညှင်း ဇွန် ၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို မေ၂၆ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားရာ ရပ်ကွက်၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်များကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ပြန်လည်ဖြေကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်အဆိုပြုလွှာများကို အသင်းခွဲများက ပေးအပ်ကြရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ (၁၅၂)

အမြို့မြို့ အနယ်နယ် သတင်းများ

ဘုတ်ပြင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ရက်က အထက ဘုတ်ပြင်း၌ကျင်းပရာ ချို့တဲ့ကျောင်းသားများအတွက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လှူဒါန်းသော ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာမြင့်က ကျောင်းသားတစ်ဦးသို့ ပေးအပ်စဉ်။ (ပညာရေး)

ချမ်းမြေရောင်းဝယ်ရေး သမဝါယမအသင်း ဘဏ္ဍာရေးဆိုင်ရာ စည်းဝေး၊ အစုပေါ်အမြတ်ပေးအပ်

မန္တလေး ဇွန် ၂၂

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက် ချမ်းမြေရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေး အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၇ရက် နံနက် ၉နာရီက၂၂လမ်း အလိုတော်ပြည့် ဓမ္မာရုံတွင် ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ သဘာပတိ အသင်းဒါရိုက်တာ ဥက္ကဋ္ဌဦးဘကြည်နှင့် ဦးစီးအရာရှိ ဦးနေဝင်းတို့က အမှာစကားပြောကြားပြီး အမှုဆောင်အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်သန်း၊ ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းကိုင်တာဝန်ခံ ဦးထွဏ်းလှအောင်၊ ရန်ပုံငွေခွဲဝေမှုရှင်းတမ်းကို အတွင်းရေးမှူး ဦးအောင်သိန်းနှင့် အသင်းသားစာရင်း စစ်ဆေးတွေ့ရှိချက်ကို အသင်းသား စာရင်းစစ် ဦးမြသန်းတို့က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနအတွက် အလှူငွေကျပ် ငါးထောင်၊ အလိုတော်ပြည့်ဓမ္မာရုံအတွက် အလှူငွေကျပ်ငါးထောင်၊ မြို့နယ် ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ် ငါးထောင်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး အသင်းသားများ၏ အစုပေါ်အမြတ်ကို အသင်းဥက္ကဋ္ဌကပေးအပ်ရာ အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက လက်ခံယူကြောင်း သိရသည်။ (၁၆၂)

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လမုကျေးရွာတွင် ရေကန်အဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇွန် ၂၃ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စင် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပိုလ်တေဇလမ်း၌ ပေါင်းမြက်များရှင်း

ကာမိုင်း ဇွန် ၅

ကချင်ပြည်နယ်ကာမိုင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၂၅ရက်က ပိုလ်တေဇလမ်း ဘေးဝဲယာတစ်လျှောက်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ လမ်းပခုံးများပြုပြင်ခြင်း လုပ်ငန်းတို့ကို မြို့နယ်တာဝန်ခံ ဦးဆန်းအောင်၏ ဦးဆောင် ကြီးကြပ်မှုဖြင့် စုပေါင်း ဆောင်ရွက်ကြသည်။ (၄၁၆)

သီးနှံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေသဘာဝနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ် ပြည်ပတင်ပို့ နိုင်သည့် အရည်အသွေးမီဆန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင် ကုန်ဈေးနှုန်းထိန်းသိမ်းရေးတွင် ဆန်စက်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ၂၀၀၇-၂၀၀၉ ဝေးချယ်တင်မြောက်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက ရန်ကုန်ဖြို့ လမ်းမတော်ဖြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အသင်းသား စုံညီအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် ၂၀၀၇-၂၀၀၉ ဝေးချယ်တင်မြောက်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားမြန်လည် စည်းလုံးညီညွတ်ရေး
- နိုင်ငာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးပွဲဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးကုဏ် ဘာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ (၁-၇-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက် မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။

ရန်ကုန်

ရန်ကုန်ဖြို့နှင့်အနီးတစ်ဝိုက် မိုးအသင့်အတင့် ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာမည်။

မှတ်သားဖွယ်ရာပိုးရေခို့ခိုန် (၃၀-၆-၂၀၀၇)

တောင်ကုတ်	၆	ဒသမ ၃၀ လက်မ
ကျောက်ဖြူ	၅	ဒသမ ၅၁ လက်မ
ရေး	၅	ဒသမ ၁၂ လက်မ
သံတွဲ	၄	ဒသမ ၃၃ လက်မ
ကျောက်တော်	၃	ဒသမ ၈၂ လက်မ

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်ဝေလွင် ပျဉ်းမနားခရိုင် ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၃၀

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၇ နာရီက ပျဉ်းမနားဖြို့ စိန်ပန်းပြာလမ်းဆုံနှင့် ဘောဂသီရိ ကားကြိုးဝင်းအရှေ့တို့၌ ကျင်းပသော ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ တိုင်းမှူးက စိန်ပန်းပြာလမ်းဆုံရှိ ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးသည် ဘောဂသီရိကားကြိုးဝင်းအရှေ့၌ ကျင်းပသော ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲသို့ သွားရောက်၍ မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လိုအပ်သည်များမှာကြား

ယင်းနောက် တိုင်းမှူးသည် ဘောဂသီရိ ကားကြိုးဝင်းရှိ တော်ဝင်ပို့ဆောင်ရေးလုပ်ငန်း၏ စီးလုံးငှားယာဉ်များကို ကြည့်ရှုစစ်ဆေးရာ **(ဝဲပုံ)** တိုင်းမှူးနှင့်အဖွဲ့ဝင်များအား တော်ဝင်ပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းဝင်းက စီးလုံးငှားယာဉ်ငယ်များနှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**